# ကြေးမုံ
The Mirror Daily
၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

e – paper ဖတ်ရှုရန်


## သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏သတင်းသည်အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ–၅၄)


၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် စနေနေ့။ Saturday, 14 November 2026 ၁၂၃၂


## ယနေ့ ဖတ်စရာ


**၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေပြဋ္ဌာန်း**

စာမျက်နှာ » ၃

**ဆေးဝါးအန္တရာယ်ကင်းစေဖို့ စပ်ဆေးရှောင်ကြစို့**

ဆောင်းပါး စာမျက်နှာ » ၈

**ဘက်စုံပို့ဆောင်ရေးလုပ်ငန်းရှင်များ တာဝန်ရှိမှု အာမခံအမျိုးအစားသစ်မိတ်ဆက်ပွဲ ကျင်းပ**

စာမျက်နှာ » ၁၀

**ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ် နယ်စပ်ဒေသတွင် အခြေပြု၍ ထိုင်းနိုင်ငံ၏ အစိုးရဝန်ထမ်းများအဖြစ် အယောင်ဆောင်ကာ ထိုင်းနိုင်ငံသားများအား ပစ်မှတ်ထားလိမ်လည်နေသော Online Scam Center များအား ထိရောက်ပြင်းထန်စွာ နှိမ်နင်း**

စာမျက်နှာ » ၁၄




တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ ကျင်းပစဉ်။

## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ ကျင်းပ

## ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာကို ဆွေးနွေးအတည်ပြု

နေပြည်တော် နိုဝင်ဘာ ၁၃

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၂-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၃-၁၁-၂၀၂၆ ရက်နေ့မှ ၁၆-၁၁-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ

## လေဖိအားနည်းရပ်ဝန်း နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၁၃

**လေဖိအားနည်းရပ်ဝန်း အခြေအနေ**

ယနေ့နံနက် ၁၀ နာရီ၌ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နေသည်။


စာမျက်နှာ ၄ ကော်လံ ၃ သို့ ✻


## ပို့ကုန်ရင်းနှီးမြှုပ်နှံမှုပမာဏကို နိုင်ငံခြားငွေဘဏ်စာရင်းတွင် ထားရှိခွင့် ရက်ပေါင်း ၃၀ အစား ၄၅ ရက်အထိ တိုးမြှင့်ခွင့်ပြုခဲ့ပြီးဖြစ်

အသိပေးကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကြိုးမှူးပြု FX Market Online Trading Platform တွင် နိုင်ငံတော်၏အရေးကြီးကုန်စည်များဖြစ်သော စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာနှင့် အခြားကုန်စည်များအတွက် လိုအပ်သော နိုင်ငံခြားငွေများကို နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း(AD) လိုင်စင်ရ ဘဏ်များမှတစ်ဆင့် သွင်းကုန်တင်သွင်းသူ(Importer)များသို့ ရောင်းချပေးလျက်ရှိပါသည်။

၂၀၂၆ ခုနှစ်၊ ဖြေလမှ နိုဝင်ဘာလ(၁၃) ရက်နေ့အထိ FX Market Online Trading Platform နှင့် AD လိုင်စင်ရဘဏ်များမှတစ်ဆင့် အမေရိကန်ဒေါ်လာ (၂,၃၂၆.၄) သန်း၊ တရုတ်ယွမ် (၁,၉၄၄.၃) သန်း၊


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖





# အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ပြည်သူများနှင့်ပူးပေါင်းတိုက်ဖျက်

အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုသည် သာမန်ငွေကြေးလိမ်လည်မှုတစ်ခုသာမဟုတ်ဘဲ နည်းပညာ၊ သတင်းအချက်အလက်၊ စီးပွားရေး၊ လုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့နှင့်ပါ ဆက်စပ်သည့် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို အုပ်ချုပ်ရေးကင်းလွတ်နေသည့် နယ်စပ်ဒေသအချို့သို့ တစ်ဖက်နိုင်ငံမှတစ်ဆင့် ဝင်ရောက်လာကြသော ပြည်ပမှဒုစရိုက်သမားများက တရားမဝင်လျှို့ဝှက်လုပ်ကိုင်နေကြသည်ကို မြင်တွေ့ကြောင်းသိကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ဒေသတွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်းလျက် ထိရောက်ပြတ်သားစွာ နှိမ်နင်းတိုက်ဖျက်လျက်ရှိသည်ကို နေ့စဉ်တွေ့မြင်ရမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ဩဂုတ်လ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အတွင်း ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိခဲ့သည့် ကျူးလွန်သူ ပြည်ပနိုင်ငံသား ၇၅၉ ဦးအနက် ၅၀၂ ဦးတို့သည် တရုတ်နိုင်ငံသားများဖြစ်နေသည်ကို တွေ့ရသည်။ ၎င်းတို့ အသုံးပြုသည့် ကွန်ပျူတာနှင့် လက်ကိုင်ဖုန်းများအတွင်း စီစစ်တွေ့ရှိချက်များအရ ၎င်းတို့သည် တရုတ်နိုင်ငံသားအချင်းချင်း ပစ်မှတ်ထား၍ အင်တာနက်၊ လူမှုကွန်ရက်နှင့် ဒီဂျစ်တယ်ဆက်သွယ်ရေးနည်းပညာကိုအသုံးချပြီး လူတစ်ဦးချင်းစီ၏ ယုံကြည်မှု၊ စိတ်ခံစားမှုနှင့်ငွေကြေးဆိုင်ရာ အကျိုးအမြတ်မျှော်လင့်ချက်များကို အခွင့်ကောင်းယူကာ ငွေကြေးလိမ်လည်မှုများကို လုပ်ဆောင်နေကြောင်းတွေ့ရသည်။ ထိုသို့ကျူးလွန်လုပ်ဆောင်ရာတွင် တရုတ်နိုင်ငံသားများသာ အဓိကအသုံးပြုသည့် မိတ်ဆွေဖွဲ့ အက်ပလီကေးရှင်းအမျိုးမျိုးကို အသုံးပြုလေ့ရှိကြောင်း သိရသည်။

စီစစ်တွေ့ရှိချက်များအရ ပစ်မှတ်ရွေးချယ်ခြင်းနှင့် ယုံကြည်မှုတည်ဆောက်ခြင်းအပိုင်းတွင် အသိပညာနည်းပါးသူများ၊ နည်းပညာအားနည်းသူများနှင့် လိုချင်လောဘရိုသူများကို အဓိကပစ်မှတ်ထားလေ့ရှိသည်။ ပစ်မှတ်ရွေးချယ်ပြီးနောက် ချဉ်းကပ်ရမည့်ပုံစံနှင့် လိမ်လည်ရမည့်ပုံစံအား ပစ်မှတ်၏ အသက်အရွယ်၊ ဝါသနာ၊ အလုပ်အကိုင်တို့အပေါ် မူတည်ခွဲခြားသတ်မှတ်၍ ယုံကြည်မှုရရှိစေရန်နှင့် ရင်းနှီးသော ဆက်ဆံရေးတစ်ရပ်တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြသည်။ ပစ်မှတ်၏ လူမှုအဆင့်အတန်း၊ ဝါသနာ၊ အလုပ်အကိုင်နှင့် စိတ်ဝင်စားမှုအပေါ် မူတည်၍ အယောင်ဆောင်ပုံစံအမျိုးမျိုးတို့ကိုသတ်မှတ်ကြသည်။ စစ်ဘက်၊ ရဲဘက်၊ နယ်ဘက်ရာထူးအာဏာရှိသူ၊ လုပ်ပိုင်ခွင့်ရှိသည့်ဝန်ထမ်းများ၊ ငွေကြေးချမ်းသာကြွယ်ဝသည့် ကုမ္ပဏီပိုင်ရှင်နှင့်လုပ်ငန်းရှင်များ၊ ပညာတတ်လူတန်းစားများ၊ နည်းပညာကျွမ်းကျင်သူများ၊ ရုပ်ရည်ချောမောသူများအဖြစ် အယောင်ဆောင်ကြသည်။

လိမ်လည်မည့် ဇာတ်ကောင်ပေါ်မူတည်၍ လိုအပ်သည့်ဇာတ်ပုံများ၊ အထောက်အထားစာရွက်စာတမ်းများ၊ လူနေမှုဘဝပုံစံများကို သဘာဝကျအောင် ကြိုတင်ဖန်တီးကြသည်။ ဖန်တီးထားသည့် ဇာတ်ကောင်၏အကြောင်းအရာ၊ အတွေ့အကြုံတို့ကို ပြသခြင်းဖြင့် တဖြည်းဖြည်းခင်မင်မှုနှင့် ယုံကြည်မှုရရှိအောင်ချဉ်းကပ်ကြသည်။ အောင်မြင်နေသော စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးအမြတ်ဖြစ်ထွန်းမှုများကို ယုံကြည်လောက်အောင် အထောက်အထားခိုင်ခိုင်လုံလုံပြသည့်အခါ လောဘစိတ်ရှိသူပြစ်မှတ်များက အလိုက်သင့်ပါဝင်လာကြသည်။ အစပိုင်းတွင် ယုံကြည်မှုဖြစ်စေရန် အမြတ်အစွန်းများ ပြန်လည်ထုတ်ပေးသော်လည်း ရင်းနှီးမြှုပ်နှံသူများပြားလာပါက အက်ပလီကေးရှင်းများကိုဖျက်သိမ်းခြင်း၊ ရင်းနှီးမြှုပ်နှံငွေ ပြန်မထုတ်ပေးခြင်း၊ ငွေကြေးစီးဆင်းမှုကို ဖုံးကွယ်ရန်ကြိုးပမ်းခြင်းများ ပြုလုပ်၍ လိမ်လည်ခဲ့ကြသည်။

အွန်လိုင်းမှတစ်ဆင့် လောင်းကစားဝါသနာပါသူများကိုလည်း အွန်လိုင်းလောင်းကစား၊ ဂိမ်းပလက်ဖောင်းများမှတစ်ဆင့် မက်လုံးအမျိုးမျိုးပေးပြုလုပ်ကြသည်။ အလုပ်အကိုင်အခွင့်အလမ်းမက်လုံးပေးရာတွင်လည်း မက်လုံးအမျိုးမျိုးပေးဆွဲဆောင်စည်းရုံးပြီး အကျိုးအမြတ်ရရှိမည့်ပုံစံအမျိုးမျိုးပြောဆိုကာ ငွေကြေးလိမ်လည်ရယူကြသည်။ ယခုနောက်ပိုင်းတွင် အဆင့်မြင့် AI နည်းပညာကိုအသုံးပြု၍ ထင်ရှားကျော်ကြားသူများ၏ သတင်းအချက်အလက်အတုများကိုဖော်ပြကာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို အမှန်တကယ်ထောက်ခံအားပေးနေသကဲ့သို့ လှည့်ဖြားဆွဲဆောင်မှုများပြုလုပ်ပြီး ငွေကြေးလိမ်လည်မှုများကို ပြုလုပ်ကြသည်။ မြန်မာနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ကြသူအများစုသည် နိုင်ငံအတွင်းသို့ အိမ်နီးချင်းနိုင်ငံမှတစ်ဆင့် နယ်စပ်လမ်းကြောင်းများမှ ကျူးလွန်နေကြခြင်းဖြစ်သည်။

တရားမဝင်ကျူးကျော်ဝင်ရောက်လာကြသူများကို အကြမ်းဖက်အဖွဲ့များက နိုင်ငံနှင့် ဒေသအပေါ် ကြီးမားစွာထိခိုက်နစ်နာမှုဖြစ်စေသည်ကို မျက်ကွယ်ပြု၍ အကာအကွယ်ပေးနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် လူသားမျိုးနွယ်တစ်ရပ်လုံး၏ လူမှုစီးပွားဘဝများဖျက်စီးစေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများကို ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ နိုင်ငံများနှင့် ပူးပေါင်းလက်တွဲလျက် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးတွင် ပြည်သူများကလည်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြခြင်းဖြင့် မြန်မာနိုင်ငံတွင် ဆက်လက်ရှင်သန်ခွင့်မရရှိအောင် အရှိန်အဟုန်မြင့်ဆက်လက်တိုက်ဖျက်သွားမည်ဖြစ်ပါကြောင်း။ ။

# ကျောက်တန်းမြို့နယ်၌ ဓူပါအယ်လ်နီညိုရာသီဥတုပြောင်းလဲမှုနှင့် မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှုများအား အသိပညာပေး

ကျောက်တန်း နိုဝင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်းဒေသ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အောက်ရှိ Wilmar Myanmar လုပ်ငန်းစုခန်းမတွင် ဓူပါအယ်လ်နီညို ရာသီဥတုပြောင်းလဲမှုနှင့် မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှုများအား အသိပညာပေးခြင်းနှင့် မီးဘေးလုံခြုံရေး ဧဂတိတိုက်လေ့ကျင့်သရုပ်ပြခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်နံနက်ပိုင်းက Wilmar Myanmar လုပ်ငန်းစုခွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးမှူးဦးအောင်ကျော်ဝင်းက ဓူပါအယ်လ်နီညို နှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များအား အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ဓူပါအယ်လ်နီညိုဖြစ်စဉ် နှင့်ပတ်သက်၍ ဌာနလုပ်ဆောင်ချက်များအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဓူပါအယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်ပြီး လက်ကမ်းစာစောင်များဖြန့်ဝေကာ Wilmar Myanmar လုပ်ငန်းစုအတွင်း တပ်ဆင်ထားရှိသော မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ပစ္စည်းကိရိယာများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး ဒုတိယမီးသတ်ဦးစီးမှူး ဦးကျော်သူရမျိုးက မီးသတ်ဆေးဘူးအသုံးပြုပုံများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ သန့်ဇင်ထွန်း

# မြန်မာနိုင်ငံကြက်ခြေနီအသင်း ရွှေဦးပြုစုခြင်း(အခြေခံ)အဆင့် သင်တန်းဆင်း

ဝိုင်းမော် နိုဝင်ဘာ ၁၃

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မြန်မာနိုင်ငံကြက်ခြေနီအသင်း ရွေးဦးပြုစုခြင်း(အခြေခံ)အဆင့် ၂/၂၀၂၆ သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က ကျင်းပသည်။

ဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းတွင်ထူးချွန်စွာ အောင်မြင်ခဲ့သည့် သင်တန်းသား သင်တန်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီး သင်တန်းနည်းပြ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူးက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ ရွေးဦးသူနာပြုစုနည်း(အခြေခံ)အဆင့် ၂/၂၀၂၆ သင်တန်းအား နိုဝင်ဘာ ၆ ရက်မှ ၉ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ အဆီး(ပြန်/ဆက်)

# (၁၃-၁၁-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၅ ~ ၃၆၇၁ | ၅၂၇.၉ ~ ၅၂၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၅ ~ ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၆၁၈,၂၉၄.၄၈ | ၅,၃၇၇,၄၈၈.၉၀ | ၁၄,၂၉၄,၈၁၂.၀၀ | ၁၃,၃၀၄,၃၈၀.၀၀ |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ၁၃ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ဂုဝ၅၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၃ - ၁၁ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အဝိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၂၃,၀၀၀ | ၂၃,၀၀၀ | ၂၂၀ | ၅,၀၆၀,၀၀၀ |
| MTSH | ၈,၈၀၀ | ၈,၇၀၀ | ၂,၉၄၀ | ၂၅,၅၇၉,၀၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၅၀၀ | ၇ | ၉၄,၀၀၀ |
| FPB | ၆,၉၀၀ | ၆,၉၀၀ | ၈၈ | ၆၀၇,၂၀၀ |
| TMH | ၃,၄၀၀ | ၆,၉၀၀ | ၂ | ၆,၈၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၅၁၂ | ၈၇၀,၄၀၀ |
| AMATA | ၄,၁၀၀ | ၄,၁၀၀ | ၃၅၈ | ၁,၄၆၇,၈၀၀ |
| MAEX | ၆,၄၀၀ | ၆,၄၀၀ | ၈,၈၁၆ | ၅၆,၄၂၂,၄၀၀ |
| MADPL(PLB) | ၆,၃၀၀ | ၆,၃၀၀ | ၀ | ၀ |
| ASPGB(PLB) | ၅,၅၀၀ | ၅,၄၀၀ | ၂,၃၆၅ | ၁၂,၈၆၆,၉၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | – ဝင်းနိုင် | အကြီးတန်း | – ခင်မိုမိုအောင်၊ |
| စာတည်းမှူး | – အေဝမ်းစိုး | သတင်းထောက်များ | ခင်မျိုးနိုင်၊ မာမာစိုး၊ |
| စာတည်းများ | – စန်းအောင်၊ ခင်ခင်သက်၊ | | ခိုင်သန္တာလွှေ၊ ခင်ယုဆွေ့၊ |
| | ယုဝါဝါ၊ သီသီမင်း၊ | အငယ်တန်း | – အောင်ကျော်ဦး၊ သန်းတင်အောင် |
| | ဟိန်းထက်လင်း၊ သက်ထွေး၊ | သတင်းထောက်များ | ခင်သက်မွန်၊ မြသီတာ |
| | စန်းယဉ်ဌ၊ နိုင်လင်းကြည် | သုတေသန | – ဇင်မာဝင့် |
| ဘာသာပြန် | – အောင်ကျော်ကျော်၊ | စာပြင် | – ခင်နှင်းယုနှင့်အဖွဲ့ |
| | စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – နီလာစိုးနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | – စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး – ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေးရင်း ၀၁-၂၉၁၄၇၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ၂၀၂၃-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဓာတ်နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေပြဋ္ဌာန်း

**၂၀၂၃-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဓာတ်နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ**

(၂၀၂၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ။)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်

(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ**

၁။ (က) ဤဥပဒေကို **၂၀၂၃-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဓာတ်နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၃-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

**အခန်း(၂)**

**နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း**

၂။ (က) နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊(၈) နှင့် (၉) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၂၃-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဓာ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားတာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၂၃-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဓာ၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၃)**

**ငွေချေးယူခြင်း**

၄။ ၂၀၂၃-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဓာ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပုဒ်မ ၁၂ တွင် ပြဋ္ဌာန်းထားသည့် ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူရရှိသည့် ငွေပမာဏအပြင် နောက်ထပ်ကျပ်သန်းပေါင်း တစ်ဆယ်သိန်းကို တိုးမြှင့်လျာထားလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ဝုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

---

☆ ရွှေဖိုးမှ

အစည်းအဝေးတွင် မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ ကုန်ထုတ်လမ်းဟောင်း ပြန်လည်ပြုပြင်ပေးနိုင်ရေး၊ ဘဏ်ခွဲအသစ်တည်ဆောက်ပေးနိုင်ရေး၊ Solar System မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်ပေးနိုင်ရေး၊ ရေသုံးစွဲမှုအဆင့်ပြေစေရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၅ ခု မေးမြန်းဖြေကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ဥပဒေ (၂၀၁၅)အရ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ရရှိရေးတို့အတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိလိုခြင်း မေးခွန်း** နှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင် က ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အသက် ၅ နှစ်နှင့်အထက် လူဦးရေ၏ ၇ ဒသမ ၆ ရာခိုင်နှုန်း ၂ ဒသမ ၂၉ သန်းသည် မသန်စွမ်းသူများဖြစ်ကြပါကြောင်း၊ မသန်စွမ်းသူများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများကို ၂၀၁၇ ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း အလုပ်အကိုင်ရရှိခန့်ထားမှုနှင့်စပ်လျဉ်း၍ မသန်စွမ်းသူများအပါအဝင် အလုပ်ရှာဖွေသူများ၏ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုနှင့် အလုပ်လုပ်ကိုင်နိုင်စွမ်းအပေါ် မူတည်၍ အစိုးရဌာနများအပါအဝင် အလုပ်ရှင်များ၏ လိုအပ်ချက်များနှင့်အညီ သင့်လျော်သူများကို ရွေးချယ်၍ ပုဂ္ဂလိကစက်ရုံ၊အလုပ်ရုံများတွင် အလုပ်ခန့်အပ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မသန်စွမ်းသူများအား သင်တန်းကျောင်းအခြေပြုစောင့်ရှောက်ခြင်းလုပ်ငန်းများအဖြစ် အသက် ၁၈ နှစ်မှ ၄၅ နှစ် အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအား အသက်မွေးဝမ်းကျောင်း ပညာသင်ကြားနိုင်ရန် မသန်စွမ်းသင်တန်းကျောင်း/ဂေဟာ ၁၀ ခု တို့ကို ဖွင့်လှစ်ထားရှိပါကြောင်း။

ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့် အကြားအာရုံမသန်စွမ်းသူများအတွက် အီလက်ထရောနစ်သင်တန်း၊ ဆံသင်တန်း၊ ကွန်ပျူတာသင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ စက်ချုပ်သင်တန်းတို့ကို ဘဏ္ဍာရေးနှစ် ၁ နှစ်လျှင် (၃)ကြိမ်ပုံမှန်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ထိ သင်တန်းတက်ရောက်သူ ၅၇၅ ဦးရှိပြီး အလုပ်အကိုင်ရရှိသူ ၂၅၄ ဦး အလုပ်အကိုင်ရရှိ အောင်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင်မသန်စွမ်းသူများအား အစိုးရဌာနအဖွဲ့အစည်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်းဦးစီးဌာနတွင် မသန်စွမ်းဝန်ထမ်းအရာထမ်း ၂၈ ဦး၊ အမှုထမ်း ၈၄ ဦး၊ စုစုပေါင်း ၁၁၂ ဦး ခန့်အပ်ထားပြီးဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မျက်မမြင်အကြောပြင်အနှိပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးပြီး ပုဂ္ဂလိကကဏ္ဍတွင် အလုပ်အကိုင်ရရှိသူ ၆၆ ဦး အလုပ်ရရှိခဲ့ပါကြောင်း။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများအပါအဝင် အလုပ်အကိုင်ရှာဖွေနေသူများအား ၎င်းတို့နှင့်သင့်တော်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် အလုပ်ရှင်များ၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့်လည်း မသန်စွမ်းသူများအတွက် ဂုဏ်သိက္ခာရှိသည့် အသက်မွေးဝမ်းကျောင်းမှုဖြင့် ဘဝရပ်တည်နိုင်ရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ(၅) နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇)တွင် "လုပ်ငန်းနှင့်အလုပ်အကိုင်"ကို ကဏ္ဍတစ်ရပ်အနေဖြင့် ထည့်သွင်း၍ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဗိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းလောင်း၏ **ဗိုင်းပျဉ်း-ဗိုင်းဆတ်လမ်းပေါ်မှ ထမိယခိမ်း-ဗိုင်းပုကြီး ကျေးရွာအုပ်စုသို့သွားသော ကျေးလက်ကုန်ထုတ်လမ်းဟောင်းအား မည်သည့်ဘဏ္ဍာနှစ်တွင် ပြန်လည်ပြုပြင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ဗိုင်းပျဉ်းမြို့နယ် ဗိုင်းပျဉ်း-ဗိုင်းဆတ်လမ်းပေါ်ရှိ နမ့်ဘော်ရွာလမ်းခွမှ ပိန်းစန်းကျေးရွာအထိ ဆက်သွယ်ထားသော လမ်းသည် မိုင် ၄၀ အရှည်ရှိပြီး ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်ထားသည့် လမ်းပိုင်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်းသည် ကျေးရွာအုပ်စု ၃ စု၊ ကျေးရွာ ၂၄ ရွာ၊ အိမ်ခြေ ၆၃၃ အိမ်၊ လူဦးရေ ၃၄၁၆ ဦး တို့အတွက် အကျိုးပြုသည့်လမ်းဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းကို အဆင့်မြှင့်တင်နိုင်ရန် အတွက် မြေသားလမ်းတာခဲ့ခြင်းလုပ်ငန်းကို ဦးစွာ ဆောင်ရွက်ရမည်ဖြစ်ပြီး လမ်းတာခဲ့ခြင်းလုပ်ငန်းကို ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စု (သို့မဟုတ်) ပြည်နယ်ရန်ပုံငွေ၏ အမျိုးသားစီမံကိန်းစာရင်းတွင် အပိုင်းလိုက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၏ **မြန်မာ့စီးပွားရေးဘဏ် ကော့ကရိတ်ဘဏ်ခွဲအား မည်သည့်ဘဏ္ဍာနှစ်တွင် အသစ်တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မြန်မာ့စီးပွားရေးဘဏ် ကော့ကရိတ်မြို့နယ် ဘဏ်ခွဲဖွင့်လှစ်ထားသည့် အဆောက်အအုံသည် ပြည်ထဲရေးဝန်ကြီးဌာန ကော့ကရိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် မြေနေရာဖြစ်သဖြင့် အဆိုပါမြေနေရာအား စွန့်လွှတ်လွှဲပြောင်းရရှိပါက ဘဏ်အဆောက်အအုံသစ်ဆောက်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းလျာထားရေးဆွဲ၍ ငွေလုံးငွေဒင်း တောင်းခံခြင်းတို့ကိုဆောင်ရွက်ပြီး ရန်ပုံငွေရရှိပါက နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **ကလေးဝမြို့နယ်၌ Solar System မြစ်ရေတင် လုပ်ငန်းကို မည်သည့်ဘဏ္ဍာနှစ်တွင် တပ်ဆင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဝင်းမိုးခိုင်က ကလေးဝမြို့နယ် ဒေသခံပြည်သူများ သောက်သုံးရေသန့်ရရှိရေး Solar System မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်ပေးရန်အတွက် ဆက်စပ်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းများအား ၂၀၂၄-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားရေးဆွဲထားပြီး ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရွှေဘိုမဲဆန္ဒနယ်မှ ဦးသန်းဝင်းထွန်း၏ **ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မဟာနန္ဒာကန်တော်ရေကို ရပ်ကွက်ကြီး (၁၀)တွင် ရေသုံးစွဲမှုအဆင့်ပြေစေရေးအတွက် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဝင်းမိုးခိုင်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အမှတ်(၁၀)ရပ်ကွက်အတွင်း ရေများပိုမိုဖြန့်ဝေနိုင်ရေးအတွက် (၅)နှစ်စီမံကိန်း လျာထားစာရင်းတွင် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်၌ ပေါ်ဦးရေတွန်းစက် Pannel Board များအသစ်လဲလှယ်ခြင်း၊ ၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ်၌ သူဇာ(၁)ရေစက်ရုံ ဂါလန် (၁၀၀၀၀)ဆုံ ကွန်ကရစ်ရေစင်တည်ဆောက်ခြင်း ၊ သူဇာ(၂)ရေစက်ရုံဂါလန်(၁၀၀၀၀)ဆုံကွန်ကရစ်ရေစင် တည်ဆောက်ခြင်းနှင့် ပေါ်ဦးရေစက်ရုံအသစ် ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားလျက်ရှိပါကြောင်း၊ မဟာနန္ဒာကန်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၃၇ ပေတွင် တည်ရှိပြီး သက္ကယ်တန်းခေါင်း၏ အရှေ့ဘက်ခြမ်း ရပ်ကွက် ၁၀ အပိုင်းတွင် ပင်လယ်ရေမျက်နှာပြင် အထက် ၃၅၈ ပေတွင် တည်ရှိသောကြောင့် ရေရရှိနိုင်ရန် ကြားခံတွန်းစက်များ၊ ရေစုကန်များ၊ ပိုက်လိုင်းများ အသစ်တည်ဆောက်ပြီး ဖြန့်ဝေမှသာ ရေရရှိနိုင် မည်ဖြစ်ပါကြောင်း၊ မဟာနန္ဒာကန်တော်မှ ရေဖြန့်ဝေရေး စီမံကိန်းရေးဆွဲပြီး ၂၀၂၈-၂၀၂၉၊ ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေတင်ပြတောင်းခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**သာကေတမဲဆန္ဒနယ်မှ ဒေါ်အေးမြမြကြိုင်က** ဘတ်ဂျက်ရေးဆွဲသည့်အခါတွင်လည်း ကတိကဝတ်များကို ဦးစားပေးထည့်သွင်းလျာထားပေးရန် အထူးလိုအပ်ပါကြောင်း၊ စာမျက်နှာ ၄ သို့ ☆

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လွှတ်တော်သို့လာရောက်လေ့လာသည့် မိုးနဲမြို့နယ်မှ ဒေသခံပြည်သူများအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစည်းအဝေးသို့ လာရောက်လေ့လာသည့် မိုးနဲမြို့နယ်မှ ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိုးနဲမြို့နယ်မှ ပြည်သူများအနေဖြင့် လွှတ်တော်အဆောက်အအုံများနှင့် ကိုယ်စားလှယ်များ၏ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် ဆောင်ရွက်နေမှုများကို ယခုကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်လေ့လာမြင်တွေ့ရသည့်အတွက် အကျိုးရှိမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ ရွေးကောက်ပွဲများ ကျင်းပပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည့် မဏ္ဍိုင်ကြီး (၃)ရပ်ဖြင့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာပြီဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်များသည် ဥပဒေပြုမဏ္ဍိုင် တွင်ပါဝင်ပြီး နိုင်ငံအနှံ့အပြား ဒေသအသီးသီးမှ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် နေရာလည်းဖြစ်သလို ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် လွှတ်တော်များသည် အဓိကကျသည့်ပြယုဂ် တစ်ခုလည်း ဖြစ်ပါကြောင်း။



လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယခုလို အဆောက်အအုံများကို အမြော်အမြင်ကြီးစွာ ဆောက်လုပ်ပေးခဲ့သူများကိုလည်း အစဉ်ဦးထိပ်ထား ကျေးဇူးတင်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်များ၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေး၊ အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းရေးနှင့် ပြည်သူကိုကိုယ်စားပြုရေး တာဝန်များကို ပြည်သူများက ရွေးချယ်ပေးလိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကျေပွန်စွာထမ်းဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ဥပဒေ၏ အကာအကွယ်အောက်တွင် ပြည်သူများအနေဖြင့် နေ့စဉ်လူမှုဘဝလုံခြုံအေးချမ်းစွာ နေထိုင်ဆောင်ရွက်နိုင်ရန်အတွက် တည်ဆဲဥပဒေများကို ခေတ်နှင့်လျော်ညီစွာဖြစ်စေရေး လေ့လာသုံးသပ်လျက် ရှိသကဲ့သို့ လိုအပ်သည့် ဥပဒေအသစ်များကိုလည်း ပြဋ္ဌာန်းပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးကို ဖော်ဆောင်ရာတွင် ထိရောက်မှုရှိစေရေးအတွက် အခြားမဏ္ဍိုင်ကြီးများနှင့် အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကာ ပြည်သူများ၏ လိုလားချက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုနှင့်မေးခွန်းများကို လွှတ်တော်တွင်း၌ အချိန်နှင့်တစ်ပြေးညီ မေးမြန်းဆောင်ရွက်လျက်ရှိသဖြင့် မိမိတို့ဒေသ၏ လိုအပ်ချက်များကို သက်ဆိုင်ရာကိုယ်စားလှယ်များမှတစ်ဆင့် တင်ပြဆောင်ရွက်နိုင်ပါကြောင်း။

ယနေ့ လွှတ်တော်သို့ လာရောက်လေ့လာသည့် ပြည်သူများအနေဖြင့်လည်း လွှတ်တော်သည်ပြည်သူများကို တိုက်ရိုက်ကိုယ်စားပြုသည့်နေရာဖြစ်၍ အားကိုးအားထားပြုရမည့်နေရာဟု မှတ်ယူရမည်ဖြစ်ပါကြောင်း၊ ယခုလို လာရောက်လေ့လာစဉ် တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံကောင်းများကိုလည်း အခြားသူများသို့ လက်ဆင့်ကမ်းမျှဝေသွားစေလိုပါကြောင်း၊ မိမိတို့အနေဖြင့် လွှတ်တော်ကိုပြည်သူများပိုမိုသိရှိစေရန် ဆောင်ရွက်လျက်ရှိရာ လွှတ်တော်၏ ဆောင်ရွက်ချက်များကို ပြည်သူများအနေဖြင့် ကိုယ်တိုင်မျက်မြင်ကြည့်ရှုနိုင်ရန်အတွက် လွှတ်တော်သို့ လာရောက်လေ့လာကြရန်လည်း ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ရှမ်းပြည်နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးစိုင်းထွန်းလင်း၊ ဦးကောင်းသက်စံ၊ ဦးစိုင်းကျော်လှ၊ ဒေါ်နန်းတင်ဦး၊ ဦးစိုင်းထွန်းစံ(ခ) ဦးစိုင်းဆေဟန်၊ ဒေါ်နန်းသန်းသန်းမွေး၊ ဦးစိုင်းစိန်ဝင်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

**☆ စာမျက်နှာ ၃ မှ**

ထို့ကြောင့် ရေတို ရေရှည်စီမံကိန်းများကို ဟန်ချက်ညီညီချိန်ဆပြီး ဘဏ္ဍာငွေခွဲဝေရေးလုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိစေရေး အထူးအလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၆ နှင့် ၉၈ တို့အရ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး အကြား ပွင့်လင်းမြင်သာမှု Transparency နှင့် အပြန်အလှန်တာဝန်ခံမှုကို ပိုမိုခိုင်မာစေရန်အတွက် သက်ဆိုင်ရာဌာနများ အနေဖြင့် အထူးလိုက်နာကြရန် လိုအပ်ပါကြောင်း။

ကော်မတီ၏ အစီရင်ခံစာပါ အကြံပြုချက်များသည် နိုင်ငံတော်၏ အကျိုးစီးပွား မဏ္ဍိုင်ကြီး ၃ ရပ်ကြား ဟန်ချက်ညီပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူ့အပေါ် ထားရှိသည့် သစ္စာတရားတို့ကို ပကတိထင်ဟပ်လျက်ရှိကြောင်း၊ ထို့ကြောင့် အစီရင်ခံစာပါ အကြံပြုချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများက အလေးထား လိုက်နာဆောင်ရွက်ကြစေရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ သိမ်မွေ့ထိရောက်စွာဖြင့် ထိန်းညှိဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**ရွှေကူမဲဆန္ဒနယ်မှ ဦးကျော်ဝင်းက** ပြည်သူ့အကျိုးကို ပိုမိုဖော်ဆောင်နိုင်ရန် တိကျခိုင်မာသော ကတိကဝတ်များရေးရာရန် ဝန်ကြီးဌာန အစိုးရအဖွဲ့များအနေဖြင့် လွှတ်တော်တွင် မေးခွန်းဖြေကြားရာ၌ သတ်မှတ်သက်တမ်း ကာလအတွင်း လက်တွေ့အကောင်အထည်ဖော်နိုင်သည့် ခိုင်မာသော အာမခံချက်ကတိနှင့် တာဝန်ခံချက်များကိုသာပေးအပ်ရေး တိုက်တွန်းသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကိုယ်စားဖြေကြားသော ဝန်ကြီးဌာနသည် ကတိနှင့်သက်ဆိုင်သည့် အခြားဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် တာဝန်ယူချိတ်ဆက်ဆောင်ရွက်ပေးမည့်စနစ်ကို ပိုမိုခိုင်မာစွာ တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ဖြေကြားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကိုယ်စားလှယ်များထံ စနစ်တကျ ဖြန့်ဝေပေးပို့ထားခြင်းက ပွင့်လင်းမြင်သာမှုကို ပေါ်လွင်စေပါကြောင်း၊ ဘတ်ဂျက်နှင့် လုပ်ငန်းစီမံချက်များတွင် အာမခံထားသော ကတိပြုလုပ်ငန်းများကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဘတ်ဂျက်နှင့် ရန်ပုံငွေအမျိုးအစားများတွင် အမှန်တကယ် ဦးစားပေးထည့်သွင်းပေးထားရန် လိုကြောင်း ဆွေးနွေးသည်။

**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက** အစီရင်ခံစာအရ မေးခွန်းပေါင်း ၅၀၅ ခုကို တွေ့ရပြီး ယင်းအဆိုများအနက်မှ မေးခွန်း ၃၂၉ ခု သာလျှင် ကတိကဝတ်ရရှိထားပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ကိုးကားထောက်ခံ၍ အဆို ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ စုစုပေါင်း ၅၀၈ ခုတွင် အတည်ပြုအဆိုနှင့် ကတိကဝတ်ရရှိထားမှု ၃၃၀ သာ ရှိပါကြောင်း၊ အစိုးရထံမှ အာမခံချက် ကတိကဝတ် တာဝန်ခံချက် ရရှိမှုအရေအတွက် နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ပထမပုံမှန်အစည်းအဝေး၊ ဒုတိယပုံမှန် အစည်းအဝေးများအတွင်း အဆိုသည်အရေအတွက်အားဖြင့် ၃ ခုသာ ရှိသည့်အတွက် အလွန်နည်းသည်ဟု ယူဆ၍ရပါကြောင်း၊ အဆို ၃ ခုမှာ အဆို ၂ ခုသည် မှတ်တမ်းတင်စောင့်ကြည့်အဆင့် မျှသာ ဖြစ်နေပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အစီရင်ခံစာကို အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

---

**❖ ပို့ကုန်ရငွေမှ**

ထိုင်းဘတ် (၇,၁၁၄.၄) သန်း၊ အိန္ဒိယရူပီး (၈၇.၈) သန်းခန့်တို့အား သွင်းကုန်လုပ်ငန်းရှင်များသို့ ရောင်းချပေးခဲ့ပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့်လည်း စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာနှင့် အခြားကုန်စည်များ တင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာ (၁,၇၆၄.၈) သန်းခန့်အား ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။

သွင်းကုန်လုပ်ငန်းရှင်များအတွက် လိုအပ်သော နိုင်ငံခြားငွေကို အချိန်မီရရှိစေရန်၊ ပြည်ပမှ Supplier များထံ ငွေပေးချေမှုနောက်ကျခြင်းကို လျှော့ချရန်၊ နိုင်ငံခြားငွေကို အမှန်တကယ်လိုအပ်သည့် ကုန်သွယ်မှုလုပ်ငန်းများအတွက် ဦးစားပေးခွဲဝေပေးရန်၊ နိုင်ငံခြားငွေလဲလှယ်နှုန်းအတက်အကျအပေါ် ဖိအားမဖြစ်စေဘဲ နိုင်ငံခြားငွေစျေးကွက်ကို တည်ငြိမ်စေရန်တို့အတွက် ကုန်ပစ္စည်းဖိုးပေးချေရာတွင် ကြိုတင်ငွေပေးချေခြင်းကို ခွင့်ပြုသွားမည်ဖြစ်ပါသည်။

ထို့အပြင် ပို့ကုန်လုပ်ငန်းရှင်များအတွက် သွင်းကုန်လိုင်စင် လျှောက်ထားခြင်း၊ ပြည်ပသို့ ငွေပေးချေခြင်းများကို ဆောင်ရွက်ရာတွင် လုံလောက်သည့် အချိန်ရရှိရန်၊ ပို့ကုန်/သွင်းကုန်အတွက် နိုင်ငံခြားငွေလုပ်ငန်းလည်ပတ်မှု အဆင်ပြေချောမွေ့စေရန်နှင့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ရည်ရွယ်၍ ပို့ကုန်ရငွေအနက်မှ ကိုယ်တိုင်သုံးစွဲနိုင်မည့်ပမာဏကို နိုင်ငံခြားငွေဘဏ်စာရင်းတွင် ထားရှိခွင့်ရက်ပေါင်း (၃၀)အစား (၄၅)ရက်အထိ တိုးမြှင့်ခွင့်ပြုခဲ့ပြီး ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

---



**ပြည်တွင်းအခွန်များဦးစီးဌာနက ခန့်ထားပြီးဖြစ်သော လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား လုပ်ငန်းကျွမ်းကျင်မှုရှိရေးနှင့် တံဆိပ်ခေါင်းဝယ်ယူသူ ပြည်သူများအား ကောင်းမွန်သည့် ဝန်ဆောင်မှု အပြည့်အဝဆောင်ရွက်ပေးနိုင်ရေးအတွက် "လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူဆိုင်ရာ ပညာပေးမွမ်းမံသင်တန်း"ကို နိုဝင်ဘာ ၁၃ ရက်တွင် နေပြည်တော် သီရိငါးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပစဉ်။**

အောင်မျိုးဝင်း(ပြန်/ဆက်)

---

**✻ လေဖိအားနည်းမှ နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၁၄ ရက်တွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ လည်းကောင်း၊ နိုဝင်ဘာ ၁၅ ရက်တွင် မှန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့မွန်းလွဲပိုင်းမှ နိုဝင်ဘာ ၁၆ ရက် အထွင်းတနာသာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကွားမှ နေရာကျဲကျဲ မိုးထစ်ချန်းရွာမည်။ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင် သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုရောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဧလ**

# အမျိုးသားလွတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး နံရံကပ်စာစောင်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၃

အမျိုးသားလွတ်တော် နံရံကပ်စာစောင်ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွတ်တော် အဆောက်အအုံ အမျိုးသားလွတ်တော်ခန်းမ၌ ကျင်းပရာ အမျိုးသားလွတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ဒုတိယဥက္ကဋ္ဌ Jeng Phang နေ့တောင်၊ လွတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ နံရံကပ်စာစောင်တွင် ကဗျာ၊ ကာတွန်း၊ ဆောင်းပါးကဏ္ဍာ၊ ဝတ္ထုကဏ္ဍာ၊ အယ်ဒီတာ့အာဘော်၊ အမျိုးသားလွတ်တော်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ကိုယ်စားလှယ်များအစည်းအဝေးတွင် လိုက်နာရမည့်ဥပဒေ၊ နည်းဥပဒေများပါဝင်သည်။

ဖွင့်ပွဲတွင် နံရံကပ်စာစောင်ပြုစုရေးကော်မတီ ဥက္ကဋ္ဌ ဦးလှသိန်းက နံရံကပ်စာစောင်ဖြစ်မြောက်ရေး အတွက် ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွတ်တော်ဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌနှင့် နံရံကပ်စာစောင်ပြုစုရေးကော်မတီ ဥက္ကဋ္ဌတို့နှင့်အတူ နံရံကပ်စာစောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် နံရံကပ်စာစောင်ပြုစုရေးကော်မတီ ဥက္ကဋ္ဌက အမျိုးသားလွတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌထံ စာစောင်များ အမှတ်တရပေးအပ်သည်။

ယင်းနောက် အမျိုးသားလွတ်တော်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် နံရံကပ်စာစောင်များကို ကြည့်ရှုအားပေးသည်။

အဆိုပါ အမျိုးသားလွတ်တော် နံရံကပ်စောင်ကို လွတ်တော်အကြီးအကဲများနှင့် ကိုယ်စားလှယ်များ ကြိုးပမ်းထမ်းဆောင်နေကြသည့် လွတ်တော်လုပ်ငန်းစဉ်များကို ပီပြင်စွာဖော်ထုတ်တင်ပြနိုင်ရန်၊ လွတ်တော်အကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ လွတ်တော်ဝန်ထမ်းများ အပြန်အလှန်ရင်းနှီးချစ်ခင်စွာ နားလည်မှုပိုမိုရရှိစေရန်၊ လွတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် လွတ်တော်အကျိုးပြုအမြင်နှင့် အတွေးအခေါ်များကို လွတ်လပ်ပေါ်ပေါက်စွာ ခံစားရေးသားတင်ပြနိုင်ရန်၊ လွတ်တော်အတွင်း မြန်မာစာပေအရေးအသားနှင့် သုတ၊ ရသစာပေများ ပိုမိုရှင်သန်ထွန်းကားလာစေရန်၊ လွတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ စိတ်လက်ပေါ့ပါး ရွှင်လန်း လန်းဆန်းစေရန်နှင့် စာဖတ်စွမ်းရည် အထောက်အကူပြုရန်၊ ပြည်ထောင်စု လွတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွတ်တော်များ၏ ဥပဒေ/နည်းဥပဒေပါ လုပ်ထုံးလုပ်နည်းများအတိုင်း လွတ်တော်ကိုယ်စားလှယ်များက လိုက်နာလုပ်ဆောင်နိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁၃

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး သည် ဒုတိယဝန်ကြီးဦးအောင်မြိုင်၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အတူ ယနေ့တွင် မြန်မာ့မီးရထား၏ နေပြည်တော်စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်၍ Battery Electric Multiple Unit (BEMU) တည်ဆောက်နေမှု၊ ဘက်ထရီလျှပ်စစ် စက်ခေါင်း (Battery Electric Locomotive – BEL) နှင့် ဘက်ထရီတွဲ တည်ဆောက်နေမှုများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဦးစွာ နေပြည်တော် စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိရာ မြန်မာ့မီးရထား ဦးဆောင် ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စက်ရုံအတွင်း ဘက်ထရီလျှပ်စစ်စက်ခေါင်းသစ် (Battery Electric Locomotive – BEL)၊ ဘက်ထရီလျှပ်စစ်ရထားတွဲဆိုင်း (Battery Electric Multiple Unit – BEMU)တည်ဆောက်နေမှုနှင့် ဘက်ထရီတွဲ တည်ဆောက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှစ၍ တည်ဆောက်ပြီးသည့် ဘက်ထရီလျှပ်စစ် စက်ခေါင်းသစ်များနှင့် ဘက်ထရီ လျှပ်စစ်ရထားတွဲဆိုင်းများကို ယခုအခါ လမ်းပိုင်းများတွင် အသုံးပြုလျက်ရှိကြောင်း၊ ဆက်လက်တည်ဆောက်လျက်ရှိသည့် ဘက်ထရီလျှပ်စစ်စက်ခေါင်းသစ်များ၊ ဘက်ထရီတွဲများ၏ အရည်အသွေး ပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးကို တာဝန်ရှိသူများ အားလုံးက ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ နေပြည်တော် စက်ခေါင်းစက်ရုံမှ RBE ရထားဖြင့် ရွာတော်ဘူတာ၊ ပျဉ်းမနားဘူတာနှင့် ပြည်ဝင်ဘူတာသို့ သွားရောက်၍ ရထားလမ်းတစ်လျှောက် ဘူတာနယ်နိမိတ်နှင့် ရထားလမ်း ဝဲ/ယာ ခြံစည်းရိုးကာရံခြင်းကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေး၊ ချိုင့်ဝှမ်းများရှင်းလင်းရေး၊ ဘူတာယာဒ်ဝင်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အမှိုက်သရိုက်များ ဖွန့်ပစ်မှုမရှိစေရေးနှင့် ခရီးသွားပြည်သူများ စိတ်ချမ်းသာစွာ သွားလာနိုင်ရေး အတွက် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မိုင်းတုံမြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မိုင်းတုံ နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေများဖြင့် ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။



ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)မှ စစ်ဆေးရေး အရာရှိချုပ် ဦးဇော်မျိုးထွေး၊ ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျံလင်းနှင့် တာဝန်ရှိသူများက နားကောင်းမူ – ဘဝသစ်ကျေးရွာ သွားလမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို လည်းကောင်း၊ ပုံပါကျင်-နမ့်ဟူးခွန် ကျေးရွာသွားလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မိုင်းတုံမြို့နယ် အတွင်း၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၁၂၆ ဒသမ ၄ သန်းဖြင့် နားကောင်းမူ-ဘဝသစ်ကျေးရွာ သွားလမ်း အရှည် ၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ခု ၉ လက်မရှိ ကတ္တရာခင်းခြင်း လုပ်ငန်းနှင့် ပြည်နယ်ခွင့်ပြု ရန်ပုံငွေ ၂၅၂ ဒသမ ၉၆ သန်းဖြင့် ပုံပါကျင်-နမ့်ဟူးခွန်ကျေးရွာသွား လမ်း အရှည် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ခု ၉ လက်မရှိ ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇင်မာ

# တိုင်းဒေသကြီးအဆင့် National Digital Awards - 2026 ပြိုင်ပွဲအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီးအဆင့် National Digital Awards – 2026 (Educational Project & Skills Competition) ပြိုင်ပွဲအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာဝါသနာ့ဂျင်အသင်းဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း တွဲဖက်အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး National Digital Awards – 2026 (Educational Project & Skills Competition) ပြိုင်ပွဲနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးကြသည်။

အဆိုပါပြိုင်ပွဲတွင် အခြေခံပညာဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ အခြေခံပညာကျောင်းသား ကျောင်းသူများ (လက်ရှိ ကျောင်းတက်ရောက်နေသူများ)၊ ပညာရေးဝန်ကြီးဌာန၏ သင်ရိုးညွှန်းတမ်းကို အသုံးပြုသင်ကြားနေသော ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပညာရေးဒီဂရီ ကောလိပ်မှ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိကြောင်း သိရသည်။

ပြိုင်ပွဲအမျိုးအစားများတွင် မူလတန်းအဆင့် ပြိုင်ပွဲအမျိုးအစား(၁) (Digital creativity or other Skills)၊ မူလတန်းအဆင့်ပြိုင်ပွဲအမျိုးအစား (၂) (Junior Block Coding)၊ အလယ်တန်းအဆင့် (Multimedia Creation, Tools and/or other skills)၊ အထက်တန်းအဆင့် (Computing and/or other skills)၊ ဆရာအဆင့်/ပညာရေးဝန်ထမ်းအဆင့် (Digital Project & skills competition) စသည့် ပြိုင်ပွဲအမျိုးအစားများ ပါဝင်သည်။

တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲကို အထက(၄) အလုံတွင် နိုဝင်ဘာ ၁၈၊ ၁၉၊ ၂၀ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲသို့ ခရိုင်အဆင့်ပြိုင်ပွဲများမှ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲတွင် တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပြီး ကျန်ပြိုင်ပွဲဝင်များအား Grading ပြုလုပ်၍ သတ်မှတ်ထားသည့် ရမှတ်ရရှိသူများကိုလည်း တိုင်းဒေသကြီးအဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

ရေချိုစိမ့်စမ်း မခန်းစေဖို့ ၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့
ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း

❖ ကျောဖုံးမှ

ဦးစွာ အမျိုးသားလွတ်တော်ဥက္ကဋ္ဌက တတိယ အကြိမ် အမျိုးသားလွတ်တော် တတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၅) ဦးမြတ်မျိုးညွှန့်၏ **စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုခရိုင်၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးသို့ မော်တော်ယာဉ်လိုင်စင် သက်တမ်းတိုးဆောင်ရွက်ရာတွင် ယာဉ်စစ်ဆေးမှုခံယူခြင်းမပြုဘဲ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ထောက်ခံချက်ဖြင့် သက်တမ်းတိုးဆောင်ရွက်ခွင့်ပြုနိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ဖြေလျှော့ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ROAD SAFETY ဖြစ်စေရေးအတွက် လုပ်ငန်းလိုင်စင်ရယူပြေးဆွဲလျက်ရှိသော အများပြည်သူ သယ်ယူပို့ဆောင်သည့် ခရီးသည်တင်ယာဉ်များမှအပ နယ်မြေဒေသအခြေအနေနှင့် လမ်းခရီးလုံခြုံရေးအခက်အခဲများကြောင့် အမှန်တကယ် ယာဉ်မှတ်ပုံတင်သက်တမ်းတိုးရန် လာရောက် ဆောင်ရွက်နိုင်ခြင်းမရှိသော နယ်မြေဒေသရှိ ကျန် လူစီးမော်တော်ယာဉ်ငယ်များကိုသာ သက်ဆိုင်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ထောက်ခံချက်ဖြင့် မော်တော်ယာဉ်သက်တမ်းတိုးခြင်းအား ယာဉ်စစ်ဆေးခြင်းကင်းလွတ်ဖြင့် ဖြေလျှော့ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် အချို့သော မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များသည် အဆိုပါဒေသများရှိ အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်အသုံးပြုနေသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ မဖြစ်စေရေးအတွက် ထောက်ခံချက်ထုတ်ပေးရာတွင် စနစ်တကျစိစစ်ပြီးမှ ထုတ်ပေးသင့်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ သံရွာကျေးရွာရှိ (၂၅) ခုတင်ဆံ့ သံရွာတိုက်နယ်ဆေးရုံတွင် လိုအပ်နေသော သွားဆရာဝန်တစ်ဦး ပြန်လည်ခန့်ထားပေးရန်နှင့် Dental Chair (1) Set အစား အသစ်တစ်စုံ ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း က မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ သံရွာတိုက်နယ်ဆေးရုံတွင် လိုအပ်နေသော သွားနှင့်ခံတွင်း ဆရာဝန်(၁) ဦးအား ပြန်လည်ခန့်ထားပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မှာယူထားသော Dental Chair များ ရရှိလာပါက ထောက်ပံ့ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးဟန်ထူး၏ **ကယား ပြည်နယ်၊ ဘော်လခဲမြို့ပေါ်တွင် အိမ်ထောင်စု(၇၆၇) စု၊ လူဦးရေစုစုပေါင်း (၁၁၈၉)ဦးအတွက် မို့အား(၁၀၀) ဘက်ထရီပါ ဆိုလာမီးသီးအား အိမ်ထောင်စု(၁) စုလျှင် (၁)လုံးနှုန်းဖြင့် ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်၊ မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလို** ခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ကယား ပြည်နယ်၊ ဘော်လခဲမြို့သို့ ၁၃၂ ကေဗွီ လွှဲငြင်ကော်ပင်မဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ လွှဲငြင်ကော် - ဘော်လခဲ ဓာတ်အားလိုင်းသည် (၄၅) ဒသမ ၃၂) မိုင်ရှိပြီး ဓာတ်အားလိုင်းတိုင်အရေအတွက်(၈၈၈)တိုင် ရှိပါကြောင်း၊ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိစဉ် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၅ ရက်တွင် အကြမ်းဖက်အဖွဲ့အစည်းများ၏ ဖျက်ဆီးခံရမှုကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့သဖြင့် ဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ဓာတ်အားပြန်လည်ပို့လွှတ်ခဲ့ပါကြောင်း။

သို့သော် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်တွင် အဆိုပါဓာတ်အားလိုင်း ထပ်မံဖျက်ဆီးခံခဲ့ရသဖြင့် ဘော်လခဲမြို့တွင် ဓာတ်အားပြတ်တောက်မှု ထပ်မံဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထို့ပြင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်တွင် အကြမ်းဖက်အဖွဲ့များက ၁၃၂ ကေဗွီ လွှဲငြင်ကော်ပင်မ ဓာတ်အားခွဲရုံအား တိုက်ခိုက်ဖျက်ဆီးခဲ့မှုကြောင့် ဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၃ ရက်တွင် ဆောင်ရွက်ပြီးစီးပါကြောင်း၊ ၆၆ ကေဗွီ လွှဲငြင်ကော်-ဘော်လခဲ ဓာတ်အားလိုင်းအပိုင်းအား ဆက်လက် စစ်ဆေးနိုင်ရေးအတွက် လုံခြုံရေးရရှိရေး တင်ပြထားပါကြောင်း၊ ခွင့်ပြုချက်ရရှိမှုနှင့်အညီ မြေပြင်ကွင်းဆင်း၍ ဓာတ်အားလိုင်း အသေးစိတ် စစ်ဆေးပြီးပါက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြန်လည်ပြုပြင်ရာတွင် ဌာနမှ အရန်ပစ္စည်းများ အသုံးပြုခြင်းနှင့် ထပ်မံလိုအပ်သော ဓာတ်အားလိုင်း ဆက်စပ်ပစ္စည်းများဝယ်ယူနိုင်ရေး လာမည့်ဘဏ္ဍာနှစ်များတွင် ဘဏ္ဍာရန်ပုံငွေ လျာထားခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကယားပြည်နယ်၊ ဘော်လခဲမြို့သို့ မဟာဓာတ်အားလိုင်းစနစ်မှ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသဖြင့် ဘော်လခဲမြို့ပေါ်ရှိ အိမ်ထောင်စု (၇၆၇) စုအတွက် ဗို့အား (၁၀၀) ဘက်ထရီပါ ဆိုလာမီးသီးအား အိမ်ထောင်စု (၁) စုလျှင် (၁) လုံးနှုန်းဖြင့် ချထားပေးရန် လတ်တလော အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးစိန်လွင်ဦး၏ **ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့ ပြည်သူ့အားကစားကွင်းတွင် ပေ(၁၂၀ x ၉၀ x ၃၆) ဘက်စုံသုံး မိုးလုံလေလုံအားကစားခန်း(၁)ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူ က ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့ ပြည်သူ့အားကစားကွင်းတွင် (ပေ ၁၂၀ x ပေ ၉၀ x ၃၆ ပေ) ဘက်စုံသုံး မိုးလုံလေလုံ အားကစားခန်း(၁)ခုအား ခန့်မှန်းကုန်ကျငွေ ငွေကျပ် ၃၂၄၀ သန်းဖြင့် တည်ဆောက်ပေးမည်ဆိုပါက ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အခက်အခဲများ ရှိပါကြောင်း။

သို့ပါ၍ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင် မြို့ ပြည်သူ့အားကစားကွင်းတွင် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်နိုင်မှု မရှိသေးခြင်း၊ အားကစား ကွင်း၊ အားကစားရုံအား ရေရှည်ပြုပြင်ထိန်းသိမ်းမည့် ဝန်ထမ်းအင်အားနှင့် ဖွဲ့စည်းပုံမရှိခြင်း၊ အားကစား ဆိုင်ရာ လှုပ်ရှားမှုများကို မိုးညှင်းမြို့ရှိ အားကစား ကွင်း၊ အားကစားရုံများတွင် ဆောင်ရွက်နိုင်ခြင်း တို့ကြောင့် ဘက်စုံသုံး မိုးလုံလေလုံ အားကစားခန်း(၁)ခုအား လတ်တလောအနေဖြင့် တည်ဆောက်ပေးရန် အစီအစဉ် မရှိသေးသော်လည်း နယ်မြေအခြေအနေနှင့် အားကစားလှုပ်ရှားမှုများ ဆောင်ရွက်နိုင်မှု၊ အားကစားကွင်း၊ အားကစားရုံများ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နိုင်မှု အခြေအနေများအား ဆန်းစစ်အကဲဖြတ်၍ ဦးစားပေးအစီအစဉ်များတွင် အကျုံးဝင်ပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်များတွင် ထည့်သွင်းလျာထားတင်ပြပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) နန်းဝိုးစိန်၏ **ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်တွင် မိုးလုံလေလုံအားကစားရုံ(၁)ရုံနှင့် မြို့နယ်ဘောလုံးကွင်းအား မြေသားကွင်းအဆင့်မှ မြို့နယ်အဆင့် ဘောလုံးကွင်း (၁)ကွင်း၏ အင်္ဂါရုပ်နှင့်အညီ အဆင့်မြှင့်တင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအတွက် အားကစားရုံများ ဆောက်လုပ်ပေးလိုသော်လည်း ကိုယ်စားလှယ် တင်ပြထားသော မြို့မအားကစားကွင်းအတွင်းတွင်တစ်ဆက် တစ်စပ်တည်း လွတ်နေသည့်မြေနေရာ မရှိပါကြောင်း။

စံချိန်စံညွှန်းများနှင့်အညီ မြို့နယ်အဆင့်မိုးလုံ လေလုံအားကစားရုံ(၁)ရုံ ဆောက်လုပ်မည်ဆိုပါက တစ်ဆက်တစ်စပ်တည်းရှိသည့် စတုရန်းပုံမြေဧရိယာ (အလျား ပေ ၁၄၀ x အနံ ပေ ၉၀) လိုအပ်မည်ဖြစ်ပြီး ကိုယ်စားလှယ်တင်ပြထားသည့် လျာထားမြေလွတ် ဧရိယာသည် (အလျား ပေ ၁၀၀x အနံ ပေ၅၀) သာ ရှိပြီး ကြက်လျှာစွန်း ပုံစံမြေဖြစ်နေသည့်အတွက် အားကစားရုံဆောက်လုပ်ရန် မြေဧရိယာလုံလောက် မှုမရှိပါကြောင်း။

သို့ရာတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပျဉ်း မြို့နယ် မြို့မအားကစားကွင်းအား မြို့နယ်အားကစား ကွင်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် ကနဦး အနေဖြင့် ဒေသမြက်စိုက်ပျိုးခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးရန်နှင့် ဆက်လက်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် စုစုပေါင်းခန့်မှန်းကုန်ကျငွေ ငွေကျပ်သန်း ၄၀ ကိုလည်းကောင်း၊ လိုအပ်လျက်ရှိ သည့် ရုံးသုံးပစ္စည်းဖြစ်သည့် ကွန်ပျူတာ၊ ပရင်တာ တစ်စုံ ငွေကျပ် ၁၀ သန်းကို လည်းကောင်း၊ ကိုယ်စား လှယ်တင်ပြချက်တွင်ပါရှိသည့် အများသုံးအိမ်သာ ၆ ခန်းတွဲ ၈ ပေ x ပေ ၃၀ တည်ဆောက်ခြင်း ငွေကျပ် ၂၅ သန်းအားလည်းကောင်း နီးစပ်ရာ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေတွင် လျာထား တင်ပြ တောင်းခံပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေး တိုင်းဒေသကြီး၊ မင်းဘူး - ပွင့်ဖြူ - စလင်း - တပ်ကောင် - ဆိပ်ဖြူ - ချောက် ခရိုင်ချင်းဆက် လမ်းပေါ်ရှိ စကုမ္ပဏီ မန်းတံတားမြောက်ဘက် မိုင်တိုင် (၁၁) မှ (၁၄/၄) အထိ ကတ္တရာလမ်း (၃ ဒသမ ၄) မိုင်အား ထပ်ပိုးခင်းပေးရန်နှင့် ဘေး၀ဲ၊ ယာ လမ်းပခုံး သားများကိုလည်း ခိုင်မာသည့်ကျောက်ချောသို့မဟုတ် ကွန်ကရစ်ခင်းပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးမြင့်က မင်းဘူး - ပွင့်ဖြူ - စလင်း - တပ်ကောင် - ဆိပ်ဖြူလမ်းပိုင်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် မိုင်တိုင် (၁၂/၁) မှ (၁၂/၄) အထွင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၂ ဖာလုံ၊ မိုင်တိုင် (၁၂/၆) မှ (၁၃/၇) အထွင်း ကတ္တရာ လမ်းပေါက်များ ဖာထေး၍ ရေပိတ်လွှာလောင်းခြင်း ၁ ဖာလုံ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု တိုင်းဒေသကြီး ရန်ပုံငွေတွင် မိုင်တိုင် (၁၄/၀) မှ (၁၄/၄) အထိ ၂၄ ပေအကျယ်လမ်းချဲ့၍ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းနှင့် မြေနီအမာခံလမ်းပခုံးခင်း ခြင်း ၄ ဖာလုံ၊ မိုင်တိုင် (၁၁/၆) မှ (၁၃/၁) အတွင်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း ၅ ဖာလုံ ဆောင်ရွက်ရန် လျာထားပါကြောင်း၊ မိုင်တိုင်(၁၁/၀)မှ (၁၄/၄)အတွင်း ကျန်ရှိသော လမ်းပိုင်းများအား လမ်းချဲ့၍ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း၊ မြေနီအမာခံလမ်းပခုံးခင်းခြင်း နှင့် လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရန် နှစ်စဉ်ရန်ပုံငွေ လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးဇော်မင်းထူး၏ **ကယား ပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ကုန်းသာကျေးရွာအနီး လွိုင်ကော် - ပင်လောင်း - အောင်ပန်း လမ်းမကြီး ပေါ်ရှိ မြောင်းဖြတ်တံတားအား အနီးစပ်ဆုံး ဘဏ္ဍာ ရေးနှစ်တွင် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မြောင်းဖြတ်တံတားသည် ပြည်ထောင်စု မူ ၁၀ ပေအကျယ်ကားလမ်းမကြီးပေါ်ရှိ ခရီးသည်တင်ယာဉ်များမှအပ နယ်မြေဒေသအခြေအနေနှင့် လမ်းခရီးလုံခြုံရေးအခက်အခဲများကြောင့် အမှန်တကယ် ယာဉ်စစ်ဆေးခြင်းကင်းလွတ်ဖြင့် ဖြေလျှော့ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် အချို့သော မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များသည် အဆိုပါဒေသများရှိ အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်အသုံးပြုနေသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ မဖြစ်စေရေးအတွက် ထောက်ခံချက်ထုတ်ပေးရာတွင် စနစ်တကျစိစစ်ပြီးမှ ထုတ်ပေးသင့်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးစိန်လွင်ဦး၏ **ကချင် ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့ ပြည်သူ့အားကစားကွင်းတွင် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်နိုင်မှု မရှိသေးခြင်း၊ အားကစား ကွင်း၊ အားကစားရုံအား ရေရှည်ပြုပြင်ထိန်းသိမ်းမည့် ဝန်ထမ်းအင်အားနှင့် ဖွဲ့စည်းပုံမရှိခြင်း၊ အားကစား ဆိုင်ရာ လှုပ်ရှားမှုများကို မိုးညှင်းမြို့ရှိ အားကစား ကွင်း၊ အားကစားရုံများတွင် ဆောင်ရွက်နိုင်ခြင်း တို့ကြောင့် ဘက်စုံသုံး မိုးလုံလေလုံ အားကစားခန်း(၁)ခုအား လတ်တလောအနေဖြင့် တည်ဆောက်ပေးရန် အစီအစဉ် မရှိသေးသော်လည်း နယ်မြေအခြေအနေနှင့် အားကစားလှုပ်ရှားမှုများ ဆောင်ရွက်နိုင်မှု၊ အားကစားကွင်း၊ အားကစားရုံများ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နိုင်မှု အခြေအနေများအား ဆန်းစစ်အကဲဖြတ်၍ ဦးစားပေးအစီအစဉ်များတွင် အကျုံးဝင်ပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်များတွင် ထည့်သွင်းလျာထားတင်ပြပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) နန်းဝိုးစိန်၏ **ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်တွင် မိုးလုံလေလုံအားကစားရုံ(၁)ရုံနှင့် မြို့နယ်ဘောလုံးကွင်းအား မြေသားကွင်းအဆင့်မှ မြို့နယ်အဆင့် ဘောလုံးကွင်း (၁)ကွင်း၏ အင်္ဂါရုပ်နှင့်အညီ အဆင့်မြှင့်တင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအတွက် အားကစားရုံများ ဆောက်လုပ်ပေးလိုသော်လည်း ကိုယ်စားလှယ် တင်ပြထားသော မြို့မအားကစားကွင်းအတွင်းတွင်တစ်ဆက် တစ်စပ်တည်း လွတ်နေသည့်မြေနေရာ မရှိပါကြောင်း။

စံချိန်စံညွှန်းများနှင့်အညီ မြို့နယ်အဆင့်မိုးလုံ လေလုံအားကစားရုံ(၁)ရုံ ဆောက်လုပ်မည်ဆိုပါက တစ်ဆက်တစ်စပ်တည်းရှိသည့် စတုရန်းပုံမြေဧရိယာ (အလျား ပေ ၁၄၀ x အနံ ပေ ၉၀) လိုအပ်မည်ဖြစ်ပြီး ကိုယ်စားလှယ်တင်ပြထားသည့် လျာထားမြေလွတ် ဧရိယာသည် (အလျား ပေ ၁၀၀x အနံ ပေ၅၀) သာ ရှိပြီး ကြက်လျှာစွန်း ပုံစံမြေဖြစ်နေသည့်အတွက် အားကစားရုံဆောက်လုပ်ရန် မြေဧရိယာလုံလောက် မှုမရှိပါကြောင်း။

သို့ရာတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပျဉ်း မြို့နယ် မြို့မအားကစားကွင်းအား မြို့နယ်အားကစား ကွင်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် ကနဦး အနေဖြင့် ဒေသမြက်စိုက်ပျိုးခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးရန်နှင့် ဆက်လက်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် စုစုပေါင်းခန့်မှန်းကုန်ကျငွေ ငွေကျပ်သန်း ၄၀ ကိုလည်းကောင်း၊ လိုအပ်လျက်ရှိ သည့် ရုံးသုံးပစ္စည်းဖြစ်သည့် ကွန်ပျူတာ၊ ပရင်တာ တစ်စုံ ငွေကျပ် ၁၀ သန်းကို လည်းကောင်း၊ ကိုယ်စား လှယ်တင်ပြချက်တွင်ပါရှိသည့် အများသုံးအိမ်သာ ၆ ခန်းတွဲ ၈ ပေ x ပေ ၃၀ တည်ဆောက်ခြင်း ငွေကျပ် ၂၅ သန်းအားလည်းကောင်း နီးစပ်ရာ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေတွင် လျာထား တင်ပြ တောင်းခံပေးသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေး တိုင်းဒေသကြီး၊ မင်းဘူး - ပွင့်ဖြူ - စလင်း - တပ်ကောင် - ဆိပ်ဖြူ - ချောက် ခရိုင်ချင်းဆက် လမ်းပေါ်ရှိ စကုမ္ပဏီ မန်းတံတားမြောက်ဘက် မိုင်တိုင် (၁၁) မှ (၁၄/၄) အထိ ကတ္တရာလမ်း (၃ ဒသမ ၄) မိုင်အား ထပ်ပိုးခင်းပေးရန်နှင့် ဘေး၀ဲ၊ ယာ လမ်းပခုံး သားများကိုလည်း ခိုင်မာသည့်ကျောက်ချောသို့မဟုတ် ကွန်ကရစ်ခင်းပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးမြင့်က မင်းဘူး - ပွင့်ဖြူ - စလင်း - တပ်ကောင် - ဆိပ်ဖြူလမ်းပိုင်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် မိုင်တိုင် (၁၂/၁) မှ (၁၂/၄) အတွင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၂ ဖာလုံ၊ မိုင်တိုင် (၁၂/၆) မှ (၁၃/၇) အတွင်း ကတ္တရာ လမ်းပေါက်များ ဖာထေး၍ ရေပိတ်လွှာလောင်းခြင်း ၁ ဖာလုံ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု တိုင်းဒေသကြီး ရန်ပုံငွေတွင် မိုင်တိုင် (၁၄/၀) မှ (၁၄/၄) အထိ ၂၄ ပေအကျယ်လမ်းချဲ့၍ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းနှင့် မြေနီအမာခံလမ်းပခုံးခင်း ခြင်း ၄ ဖာလုံ၊ မိုင်တိုင် (၁၁/၆) မှ (၁၃/၁) အတွင်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း ၅ ဖာလုံ ဆောင်ရွက်ရန် လျာထားပါကြောင်း၊ မိုင်တိုင်(၁၁/၀)မှ (၁၄/၄)အတွင်း ကျန်ရှိသော လမ်းပိုင်းများအား လမ်းချဲ့၍ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း၊ မြေနီအမာခံလမ်းပခုံးခင်းခြင်း နှင့် လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရန် နှစ်စဉ်ရန်ပုံငွေ လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးဇော်မင်းထူး၏ **ကယား ပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ကုန်းသာကျေးရွာအနီး လွိုင်ကော် - ပင်လောင်း - အောင်ပန်း လမ်းမကြီး ပေါ်ရှိ မြောင်းဖြတ်တံတားအား အနီးစပ်ဆုံး ဘဏ္ဍာ ရေးနှစ်တွင် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မြောင်းဖြတ်တံတားသည် ပြည်ထောင်စု အဓိကရုမ စီမံခန့်ခွဲသောလမ်းဖြစ်သည့် အောင်ပန်း - ပင်လောင်း - မိုးဗြဲ - လွိုင်ကော်လမ်း မိုင်တိုင်(၈၇/၅) - ၈၇/၆) အတွင်းတွင် တည်ရှိပါကြောင်း၊ ဆည်မြောင်း ဦးစီးဌာနမှ ၁၉၇၁ ခုနှစ်မှ ယနေ့အထိ တာဝန်ယူ ဆောင်ရွက်သော ဟိုတာတာမံမှ မြောင်းဖြတ်တံတား နေရာအထိ မြောင်းအရှည် ပေ ၇၈၀၀ ရှိပြီး မြောင်း၀ အကျယ် ၉ ပေ၊ အောက်ခြေအကျယ် ၃ ပေနှင့် မြောင်းအနက် ၄ ပေ ရှိပါကြောင်း၊ ရေပေးမြောင်းနှင့် ဆက်သွယ်ထားသော မြောင်းဖြတ်တံတားသည် ဆည်ရေသောက် နွေသီးနံ့ဇကေ (၁၀၀)၊ မိုးသီးနံ့ဇကေ (၇၀၀)အတွက် အဆင်ပြေ လုံလောက်မှုရှိသော်လည်း ရေရှည်တွင် စိုက်ကေများအား ပိုမိုရေပေးဝေနိုင်ရန် အတွက် အဆိုပါ မြောင်းဖြတ်တံတားအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်(ဖြည့်စွက်) ရန်ပုံငွေတွင် တိုးချဲ့ တည်ဆောက်နိုင်ရန် လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်၏ **ရန်ကုန် - နေပြည်တော် အမြန်လမ်းမကြီးကို နိုင်ငံတကာ အဆင့်မီ အမြန်လမ်းမကြီးအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန်နှင့် အဆင့်မြှင့်တင်နိုင်ခြင်း မရှိသေးမီကာလအတွင်း လမ်းမျက်နှာပြင်၏ ချို့ယွင်း ပျက်စီးမှုများကို စနစ်တကျစစ်ဆေး၍ လက်ရှိ Concrete Pavement အပေါ် ခေတ်မီစနည်းပညာများ နှင့်အညီ စနစ်တကျ Asphalt Overlay ခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရ

❖ စာမျက်နှာ ၆ မှ

ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် (ဖြည့်စွက်) ရန်ပုံငွေဖြင့် ဆိုလာမီးတိုင် (၁၅၈)တိုင်နှင့် ယာဉ်အမြန်နှုန်းပြ Screen အခု(၂၀)၊ ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ် မူလငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆိုလာမီးတိုင် (၁၈၈)တိုင်နှင့် ယာဉ်အမြန်နှုန်းပြ Screen အခု(၂၀) ထပ်မံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အကာအကွယ်တန်း (Guard Rail)များကိုလည်း အလားတူနေရာများတွင် ဦးစားပေး တပ်ဆင်ပေးလျက်ရှိပါကြောင်း။

CCTV Camera များအား Toll Plaza (၆)ခုတွင်သာ တပ်ဆင်ထားနိုင်ပြီး ကျန်နေရာများကို နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက် တပ်ဆင်သွားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လမ်းတစ်လျှောက် အရေးပေါ်ယာဉ်ရပ်နားရန်နေရာများအတွက် ရန်ကုန် – နေပြည်တော် လမ်းပိုင်းတွင် စုစုပေါင်း(၈)နေရာ လျာထားပြီး ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်(ဖြည့်စွက်)ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးအား ပုဂ္ဂလိကကဏ္ဍသို့ PPP စနစ်ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်စေရန်ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန် – မန္တလေး အမြန်လမ်းမကြီး၏ မန္တလေး – မိတ္ထီလာ လမ်းပိုင်းတွင် နေပြည်တော် – ကျောက်ဖြူလမ်းစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်းကောင်း၊ မိတ္ထီလာ – ဘောနဂတ်ကြီး(ပဲခူး) လမ်းပိုင်းတွင် အိန္ဒိယ–မြန်မာ – ထိုင်း (၃)နိုင်ငံ လမ်းစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်းကောင်း၊ နိုင်ငံတကာချေးငွေ / ထောက်ပံ့ငွေတို့ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ရန် ပါဝင်လာနိုင်သည့် အခြေအနေရှိပါသဖြင့် လတ်တလောပုဂ္ဂလိကကဏ္ဍသို့တာဝန်ပေးအပ်ဆောင်ရွက်ခြင်း မပြုနိုင်သေးသော အခြေအနေဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ခွန်စောလွင်၏ **ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု ပင်ဖြစ် – ဘုရားကုန်း – ဆတ်သေ ကျေးရွာချင်း ဆက်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် မူလအမာခံလမ်းမှ (၁၂) ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း ၁ ဖာလုံ၊ လမ်းအနံ့မှအမြင့် ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၁ ဖာလုံ နှင့် လမ်းပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် အမာခံလမ်းပြုပြင်ခြင်း ၁ ဒသမ ၅ ဖာလုံ၊ လမ်းအနံ့မှအမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၁ ဖာလုံ နှင့် လမ်းပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရှိပါကြောင်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန် ကျန်ရှိသော အမာခံလမ်းပိုင်းများကို ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (ဖြည့်စွက်)ရန်ပုံငွေမှစတင်၍ နှစ်အလိုက် ရန်ပုံငွေ လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးကျော်ကျော်လတ်၏ **မြန်မာနိုင်ငံတွင် ခေတ်မီပြီး ဘက်စုံလွှမ်းခြုံနိုင်သော တစ္ဆေတစည်းတည်းသော ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေ (Personal Data Protection Law) တစ်ရပ်အား အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

**စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးပြည့်ဖြိုးစံ**က ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေပြဋ္ဌာန်းခြင်းသည် နည်းပညာပိုင်းဆိုင်ရာကိစ္စ မဟုတ်ပါကြောင်း၊ တည်ဆဲအီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေနှင့် ဆိုက်ဘာလုံခြုံရေးဥပဒေတို့ရှိပြီးဖြစ်၍ သီးခြားဥပဒေ မလိုအပ်ဟု ယူဆစရာရှိနိုင်ပါကြောင်း။ သို့သော်လည်း ဆိုက်ဘာလုံခြုံရေးဥပဒေသည် နည်းပညာစနစ်နှင့် ကွန်ရက်များကို ပြင်ပတိုက်ခိုက်မှုမှ ကာကွယ်ရန်သာ အဓိကထားပါကြောင်း။

ထို့ကြောင့် ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်းသည့်အခါ သီးခြားလွှတ်လပ်သည့် ကော်မရှင်ဖွဲ့စည်းခြင်း၊ အချိုးကျဒဏ်ကြေးနှင့် လျော်ကြေးပေးရေး၊ Data Protection Officer (DPO) ခန့်အပ်ရေး၊ အစိုးရဌာနများပါ အကျုံးဝင်စေရေးတို့ကို ထည့်သွင်းသင့်ပါကြောင်း၊ ယင်းအချက်များကို ထည့်သွင်းစေခြင်းဖြင့် ပြည်တွင်း MSME လုပ်ငန်းများသည် နိုင်ငံတကာနှင့် ဒေတာချိတ်ဆက်လုပ်ကိုင်နိုင်မည် ဖြစ်သကဲ့သို့ ဒေတာမှောင်ခိုရောင်းချမှုများကိုတားဆီးနိုင်ပြီး အွန်လိုင်းငွေကြေးလိမ်လည်မှုများကိုပါ အထိုက်အလျောက် လျော့နည်းသွားစေမည်ဟု ထင်မြင်မိပါကြောင်း၊ နိုင်ငံတော်လုံခြုံရေးကို ထိန်းသိမ်းနိုင်သကဲ့သို့ ပြည်သူလူထု၏ မူလအခွင့်အရေးများကိုလည်း အပြည့်အဝကာကွယ်ပေးနိုင်ပြီး နိုင်ငံတကာစံနှုန်းမီ ဒီဂျစ်တယ်စီးပွားရေးစနစ် တည်ဆောက်နိုင်ရန် အတွက်အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးကြည်လင်းထက်**က ကိုယ်ရေးအချက်အလက်ဆိုသည်မှာ အခြားသူများက စုဆောင်း၊ အသုံးပြု၊ မျှဝေနိုင်သည့် ဒြပ်မဲ့ပစ္စည်းတစ်ခု မဟုတ်ပါကြောင်း၊ အချက်အလက်ပိုင်ရှင်များအတွက် မိမိ၏ အချက်အလက်ကိုသိရှိခွင့်၊ မှားယွင်းနေပါက ပြင်ဆင်ခွင့်၊ သတ်မှတ်ချက်များနှင့်အညီ ပယ်ဖျက်ခွင့်၊ အသုံးပြုမှုအတွက် ရှင်းလင်းသော သဘောတူညီချက်ပေးခွင့်တို့ကို ဥပဒေအရ အာမခံပေးရန် လိုအပ်လာပါကြောင်း၊ ယင်းအချက်သည် နိုင်ငံသားများ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို လက်တွေ့ကျကျ ကာကွယ်ပေးနိုင်မည့် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ လက်ရှိတွင် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာဥပဒေများ၊ ဆက်သွယ်ရေးဆိုင်ရာ ဥပဒေများနှင့် အခြားသက်ဆိုင်ရာ စည်းမျဉ်းများရှိနေသော်လည်း ကိုယ်ရေးအချက်အလက်များကို ဘက်စုံလွှမ်းခြုံသော ဥပဒေတစ်ရပ်ဖြင့် စနစ်တကျ သတ်မှတ်ပေးရန် လိုအပ်နေပါကြောင်း။

ထို့ကြောင့် Personal Data Protection Law သည် လက်ရှိဥပဒေများကို အစားထိုးရန် သာမက သက်ဆိုင်ရာဥပဒေများအကြား ချိတ်ဆက်ညှိနှိုင်းပေးနိုင်သည့် အဓိကဥပဒေတစ်ရပ် ဖြစ်သင့်ပါကြောင်း၊ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းရာတွင် လွတ်လပ်၍ အမှီအခို ကင်းသော Data Protection Authority တစ်ရပ် ဖွဲ့စည်းပေးရန်လည်း လိုအပ်ပါကြောင်း၊ ဥပဒေသည် လုံခြုံရေးကိုသာ အလေးထားသော Security-Centric ပုံစံမဟုတ်ဘဲ နိုင်ငံသား၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အခြေခံသည့် Privacy-Centric ပုံစံဖြစ်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေသည် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံသားအခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော ဥပဒေတစ်ရပ်ဖြစ်သည့်အတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးခဲထွဋ်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးခဲချိန်နှင့် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဒေါ်နီနီမာတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က အများပြည်သူများ၏ ကိုယ်ရေးအချက်အလက်များကို ကာကွယ်ရန် အတွက် ကိုယ်ရေးအချက်အလက် ကာကွယ်ရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်မည်ဆိုပါက အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူများအကြား အပြန်အလှန်ယုံကြည်မှုရှိသော ဒီဂျစ်တယ်ဝေဟာစနစ် တည်ဆောက်နိုင်ရေးကို အထောက်အကူပြုပြီး ဒီဂျစ်တယ်စီးပွားရေး၏ အကျိုးကျေးဇူးများကို ဘေးကင်းလုံခြုံစွာ အပြည့်အဝခံစားနိုင်မည်ဖြစ်ပါကြောင်း၊ ကိုယ်ရေးအချက်အလက် ကာကွယ်ရေး ဥပဒေပြဋ္ဌာန်းမည်ဆိုပါက မြန်မာနိုင်ငံ၏ လက်ရှိတည်ဆဲဥပဒေများဖြစ်သော အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ ဆိုက်ဘာလုံခြုံရေးဥပဒေများကဲ့သို့ ဆက်စပ်ဥပဒေများနှင့်မဆန့်ကျင်ဘဲ ဟန်ချက်ညီ ပေါင်းစပ်ရေးဆွဲရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ပြည်သူများ၏ ကိုယ်ရေးအချက်အလက်ကို ထိထိရောက်ရောက်နှင့် လျင်လျင်မြန်မြန် ကာကွယ်နိုင်ရန်အတွက် ကိုယ်ရေးအချက်အလက် ကာကွယ်ရေးနည်းဥပဒေ (Personal Data Protection Regulation)တစ်ရပ်ကို အမြန်ဆုံး ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။ ပြည်သူများ၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်များကို ထိရောက်စွာ ကာကွယ်နိုင်ရန်အတွက် ကိုယ်ရေးဆိုင်ရာ အချက်အလက်ကာကွယ်ခြင်း နည်းဥပဒေကို အခန်း(၉)ခန်းဖြင့် ပြုစုရေးဆွဲလျက်ရှိပါကြောင်း။

အဆိုပါ နည်းဥပဒေမူကြမ်းတွင် ကိုယ်ရေးဆိုင်ရာ အချက်အလက်ပိုင်ရှင်၏ သဘောတူညီချက်နှင့် အခွင့်အရေးများကို သီးခြားအခန်းတစ်ခုအနေဖြင့် ထည့်သွင်းရေးဆွဲထားပြီး ကိုယ်ရေးဆိုင်ရာ အချက်အလက်ပိုင်ရှင်၏ အချက်အလက်များကို ကောက်ခံသည့်အခါ အတင်းအကျပ်ပြုမူ၊ မသင့်လျော်သော လွှမ်းမိုးမှုမျှမပြုဘဲ လွတ်လပ်သောဆန္ဒဖြင့် ပေးအပ်ခြင်းဖြစ်ရန်နှင့် အချက်အလက်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်၊ နည်းလမ်း၊ အသုံးပြုရမည့် အခြေအနေ၊ သက်ဆိုင်ရာအခွင့်အလမ်းများကို ကြိုတင် အသိပေးပြီးမှ တောင်းခံရန် စသည့်အချက်များ ပါဝင်ပါကြောင်း။

ထို့ပြင် အချက်အလက်များ စီမံထိန်းသိမ်းထားမှုနှင့်စပ်လျဉ်း၍ စီစစ်သိရှိခွင့်၊ ကြည့်ရှုခွင့်နှင့် မိတ္တူတောင်းခံရယူခွင့် စသည့်အချက်များကို ထည့်သွင်းထားပြီး မလိုအပ်ဘဲ သို့မဟုတ် မလျော်ကန်စွာ ထိန်းသိမ်းထားသည့် အချက်အလက်များကို ဖျက်သိမ်းပေးရန် တောင်းဆိုခြင်း၊ အခြားဝန်ဆောင်မှုပေးသူထံသို့ လွှဲပြောင်းရန် တောင်းဆိုခြင်းအပြင် အချက်အလက်စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ အသုံးပြုခြင်းတို့ကိုပါ ကန့်ကွက်ငြင်းပယ်ခွင့် စသည့် အချက်အလက်များကို ထည့်သွင်းရေးဆွဲထားပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် အပြီးသတ်ညှိနှိုင်းဆောင်ရွက်မှုများ ပြီးစီးပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ခေတ်မီ၍ ဘက်စုံလွှမ်းခြုံနိုင်သော တစ္ဆေတစည်းတည်း ကိုယ်ရေးအချက်အလက် ကာကွယ်ရေး နည်းဥပဒေ တစ်ရပ်အနေဖြင့် လျင်မြန်စွာပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နေပါကြောင်း။

ဥပဒေတစ်ရပ်အနေဖြင့် သီးခြားပြဋ္ဌာန်းမည် ဆိုပါက ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြန်လည်ညှိနှိုင်းခြင်း၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာတို့၏ သဘောထားမှတ်ချက်များရယူခြင်း စသည့် လုပ်ငန်းစဉ်များအပြင် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ အခန်း(၁၀)ပါ ပြဋ္ဌာန်းချက်များနှင့် ဆက်စပ်ပုဒ်မများကို ရုပ်သိမ်း၍ ပြင်ဆင်ခြင်း လုပ်ငန်းစဉ်များကို ပြန်လည်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ဥပဒေပြဋ္ဌာန်းနိုင်မည့် အချိန်ကာလသည် နည်းဥပဒေပြဋ္ဌာန်းနိုင်မည့် အချိန်ကာလထက် ပိုမို အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားအား မေးမြန်းရာ အဆိုရှင်က အဆိုအား အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုအားအတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် အဆိုအား အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက်တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၇ ရက် မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၆ ရက်တွင် ဆက်လက် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**



# သာယာဝတီမြို့နယ် အထက(ခွဲ)ကျပ်ချောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**သာယာဝတီ နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက လူငယ်စကားဝိုင်းကို အထက(ခွဲ)ကျပ်ချောင်း၌ ကျင်းပသည်။

ဦးစွာ အထက(ခွဲ)ကျပ်ချောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခွန်ခွဲဝင်းက အမှာစကားပြောကြားပြီး သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် မူးယစ်ဆေး စသည့် ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# ဆေးဝါးအန္တရာယ်ကင်းစေဖို့ စပ်ဆေးရောင်းကြစို့

**ဒေါက်တာပြည့်ထူး(FDA)**

လောကတွင် ကိစ္စရပ်တော်တော်များများသည် အလေ့အကျင့် (Habit)အဆင့်မှ အချိန်ကြာလာသော် ရိုးရာ (Tradition) အဖြစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာတတ်သည်မှာ သဘာဝဖြစ်သည်။

အမှားတချို့သည်လည်း ပြုလုပ်ဖန်များလာသောအခါ အမှန်အသွင် ဆောင်လာတတ်သည်။ ဥပမာအားဖြင့် မြွေကိုက်လျှင် ကြက်၏ ရင်ကိုခွဲပြီး ကိုက်ခံရသည့် အနာအားကပ်သော အကျင့်မှားများကို ရိုးရာအသွင် လုပ်ဆောင်နေကြရာ ထိုအမှားများကို ထောက်ပြကြရမည်ဖြစ်သည်။ ပြည်သူများ နေ့စဉ်သုံးစွဲနေကြသော ဆေးဝါးနယ်ပယ်တွင်လည်း ဓလံအဆက်ဆက်မှားခဲ့သော အမှားတစ်ခုမှ အလေ့အထဖြစ်သွားသည့် အလွယ်ရ ကြောက်မက်ဖွယ်ရာ အန္တရာယ်တစ်ခုရှိသည်။ ယင်းမှာ စပ်ဆေးများပင် ဖြစ်သည်။

**စပ်ဆေးဆိုသည်မှာ**

စပ်ဆေးဆိုသည်မှာ ရောဂါ၏ လက္ခဏာများကို အမြန်သက်သာစေရန် ကြားဖူးနားဝရှိသည့် ဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်မပါဘဲ ပေါင်းစပ်၍ဆေးရောင်းချသောဆိုင်များမှ သာမန်ဆေးရောင်းချသူများက ရောင်းချလျက်ရှိသော ဆေးများဖြစ်သည်။ အချို့ဆိုင်များတွင် ဆေးများကို ကြိုတင်စပ်ထားပြီး အသင့်ထုပ်ပိုးကာ ရောင်းချနေသည်ကို တွေ့ရသည်။ ရောဂါလက္ခဏာ သက်သာစေရန် မလိုလားအပ်ဘဲ ဆေးများစွာ ပေါင်းစပ်ပေးထားလေ့ရှိကြသည်။

ယင်းဆေးများတွင် အဖျားကျဆေး၊ အကိုက်အခဲပျောက်ဆေး၊ စတီးရွိုက်ဆေးများ၊ ပဋိဇီဝဆေးများနှင့် အားဆေးများပါဝင်လေ့ရှိပြီး ဝေဒနာကို ချက်ချင်းယူပစ်သလို သက်သာစေသော်လည်း ပြင်းထန်သော ဘေးထွက်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သည်။ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ စွေးကွက်ထောက်လှမ်းရေးစစ်ဆေးမှု လေ့လာတွေ့ရှိချက်များအရ သက်တမ်းလွန်ပျက်စီးဆေးဝါးများ၊ မှတ်ပုံတင်မထားသော ဆေးဝါးများ၊ ရောဂါအတွက် သုံးစွဲရန်မသင့်သော ဆေးဝါးများ ပါဝင်နေသည်ကို တွေ့ရသည်။

**စပ်ဆေး၏**

**ဘေးထွက်ဆိုးကျိုးများ**

**စပ်ဆေးဟူသည် အကောင်သေးသော်လည်း အဆိပ်ပြင်းသည့် မြွေဆိုးတစ်ကောင်ကဲ့သို့ ဖြစ်ပါသည်။ ယင်းသုံးစွဲမှုမှတစ်ဆင့် အမှိုက်ကစ ပြာသာဒီးလောင်ဆိုသလို ကျန်းမာရေးယန္တရားကိုပင် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်အထိ ထိခိုက်မှုကြီးမားနိုင်သည်။ ဥပမာအားဖြင့် စပ်ဆေးသုံးစွဲမှုကြောင့် အစာအိမ်သွေးကြောပေါက်ပါက လူနာအား အသက်အန္တရာယ်ရှိသည်အထိ ဆိုးကျိုးပေးနိုင်သကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုယန္တရားတွင်လည်း အရေးပေါ်သွေးသွင်းရခြင်း၊ ခွဲစိတ်ရခြင်း စသော ဝန်ထုပ်ဝန်ပိုးများ ဖြစ်နိုင်သည်။**

စပ်ဆေးများကြောင့် ကျောက်ကပ်ပျက်စီးသည့် လူနာတစ်ဦးရှိပါက မိသားစုအတွင်း နာတာရှည် လူနာတစ်ဦးကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်နိုင်သကဲ့သို့ လူမှုအသိုက်အဝန်းနှင့် ကျန်းမာရေးယန္တရားတွင်လည်း ၎င်းလူနာတစ်ဦးကြောင့် ဝန်ထုပ်ဝန်ပိုးများစွာ ဖြစ်ပွားနိုင်သည့်အတွက် လွန်စွာဘေးဖြစ်သည့် စပ်ဆေး၏အပြစ်များကို ပေါ့ပေါ့တန်တန် သဘောမထားသင့်ပါ။

ဆရာဝန်များသည်ပင် လူနာအား သေချာစွာ မေးမြန်းကြည့်ရှုစမ်းသပ်စစ်ဆေးပြီးမှ ရောဂါအမည်တပ်၍ ဆေးပေးကြသော်လည်း စပ်ဆေးရောင်းသော ဆေးဆိုင်များကမူ လူနာကိုယ်တိုင် လာရောက်ခြင်းမဟုတ်ပါဘဲ လမ်းကြုံမှာ၍ ဝယ်ယူသည်ကိုပင် ရောဂါလက္ခဏာကြားရုံမျှဖြင့် ဆေးများစပ်ပေးနေသည်မှာ များစွာအန္တရာယ်ကြီးလှသည်။ ယင်းတို့၏ ဆေးဆိုင်နာမည်ကြီးစေရန် တစ်ခွက်သောက်ရုံမျှနှင့် ပျောက်သည်ဟူသော သတင်းပြန့်စေရန် မလိုလားအပ်ဘဲ ဆေးများစွာ ပေါင်းစပ်ပေးကြလေ့ရှိသည်။ ထိုစပ်ဆေးများတွင် ပါဝင်သည့် ပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုးကြောင့် နောက်ဆက်တွဲပြဿနာများစွာ ဖြစ်ပွားနိုင်သည်ကို စပ်ဆေးရောင်းချသည့် ဆိုင်ရှင်များကလည်း သတိချပ်သင့်သည်။

ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးအသိပညာအားနည်းမှုကြောင့် လည်းကောင်း၊ ဆေးခန်း၊ ဆေးရုံ(OPD)၊ Health Care Center များသို့ သွားရောက်ကုသရန် အချိန်မရ၍လည်းကောင်း၊ မိမိလောင်မှုမဖြစ်စေရေးအတွက် ပဋိဇီဝဆေးများအား ဆရာဝန်လက်မှတ်ပါမှသာ ရောင်းချခြင်း၊ သုံးစွဲခြင်းများ ပြုလုပ်သင့်သည်။

စပ်ဆေးများ၏ အခြားအန္တရာယ်များမှာ ယင်းတို့ထဲတွင် မှတ်ပုံမတင်ထားသော ဆေးများ၊ သက်တမ်းလွန်ဆေးများ ပါဝင်နိုင်သည့်အတွက် ထိုဆေးဝါးများ၏ အာနိသင်ပျက်ပြားနေမှုနှင့် ကင်ဆာရောဂါများ ဖြစ်ပွားနိုင်သည်အထိ ဆိုးကျိုးပေးနိုင်မှုများသည်လည်း သတိထားရမည့် ကျန်းမာရေးအန္တရာယ်များ ဖြစ်ပါသည်။

ဖြုံငုံသုံးသပ်ရလျှင် စပ်ဆေးသောက်သုံးခြင်းသည် ရောဂါလက္ခဏာကို ယာယီသာ သက်သာစေနိုင်ပြီး ရောဂါအခြေခံပြတ်စေရန် ကုသမှုခံယူခြင်း မဟုတ်သည့်အတွက် ရောဂါအခြေအနေ ပိုမိုဆိုးရွားလာနိုင်သည့်အပြင် သုံးစွဲသူများအတွက် အသက်အန္တရာယ်ရှိခြင်း၊ ပြည်သူလူထုနှင့် နိုင်ငံတော် သွားရလာရမလွယ်ကူ၍လည်းကောင်း၊ သွားရောက်နိုင်ခြင်းမရှိသည့်အတွက် ဆေးဆိုင်များမှ ရောင်းချသော တာဝန်ခံမှုမရှိသည့် စပ်ဆေးများအား လွယ်လင့်တကူ ဝယ်ယူသုံးစွဲနေကြသည်ကို ရင်မောဖွယ်တွေ့ရှိရသည်။

> **စပ်ဆေးဟူသည် အကောင်သေးသော်လည်း အဆိပ်ပြင်းသည့် မြွေဆိုးတစ်ကောင်ကဲ့သို့ ဖြစ်ပါသည်။ ယင်းသုံးစွဲမှုမှတစ်ဆင့် အမှိုက်ကစ ပြာသာဒီးလောင်ဆိုသလို ကျန်းမာရေးယန္တရားကိုပင် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်အထိ ထိခိုက်မှုကြီးမားနိုင်သည်။ ဥပမာအားဖြင့် စပ်ဆေးသုံးစွဲမှုကြောင့် အစာအိမ်သွေးကြောပေါက်ပါက လူနာအား အသက်အန္တရာယ်ရှိသည်အထိ ဆိုးကျိုးပေးနိုင်သကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုယန္တရားတွင်လည်း အရေးပေါ်သွေးသွင်းရခြင်း၊ ခွဲစိတ်ရခြင်း စသော ဝန်ထုပ်ဝန်ပိုးများ ဖြစ်နိုင်သည်။**

စပ်ဆေးများ၏ အခြားအန္တရာယ်တစ်ရပ်မှာ ဆေးယဉ်ပါးမှုဖြစ်သည်။ စပ်ဆေးများတွင် ပဋိဇီဝဆေးများ ပါဝင်လေ့ရှိသောကြောင့် ထိုပဋိဇီဝဆေးများအား ယဉ်ပါးလာမှုသည် များစွာစိန်ခေါ်မှုများသော ပြဿနာတစ်ခု ဖြစ်လာနိုင်သည်ကို တွေ့ရှိရသည်။ ပဋိဇီဝဆေးသုံးစွဲခြင်းသည် ဆေးယဉ်ပါးမှု ဖြစ်စေသည့် ရေရှည်ဆိုးကျိုးသာမက လတ်တလော၌ ဆေးဓာတ်မတည့်မှုကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

မိမိနှင့်ဓာတ်မတည့်သည့် ပဋိဇီဝဆေးသုံးစွဲမိပါက အရေပြားပေါ်တွင် အင်ပျဉ်ကဲ့သို့သော အဖုအပိမ့်များထခြင်း၊ ယားယံခြင်း၊ အသက်ရှူရခက်ခဲခြင်းများ ဖြစ်ပေါ်စေနိုင်ပြီး ဆိုးရွားပါက အသက်အန္တရာယ်ရှိသည်အထိ ဖြစ်ပွားစေနိုင်ပါသည်။ သို့ဖြစ်၍ ပဋိဇီဝဆေးများကို ဆရာဝန်ညွှန်ကြားချက်မရှိဘဲ စည်းကမ်းမဲ့အသုံးပြုခြင်းကြောင့် ဆေးဓာတ်မတည့်မှုနှင့် ဆေးယဉ်ပါး တိဘီရောဂါကဲ့သို့သော အလွန်ကြီးမားသည့် ပြည်သူ့ကျန်းမာရေး ပြဿနာများ ဖြစ်ပွားနိုင်သောကြောင့် အမှိုက်ကစ ပြာသာဒီးလောင်မှုမဖြစ်စေရေးအတွက် ပဋိဇီဝဆေးများအား ဆရာဝန်လက်မှတ်ပါမှသာ ရောင်းချခြင်း၊ သုံးစွဲခြင်းများ ပြုလုပ်သင့်သည်။

စပ်ဆေးများ၏ အခြားအန္တရာယ်များမှာ ယင်းတို့ထဲတွင် မှတ်ပုံမတင်ထားသော ဆေးများ၊ သက်တမ်းလွန်ဆေးများ ပါဝင်နိုင်သည့်အတွက် ထိုဆေးဝါးများ၏ အာနိသင်ပျက်ပြားနေမှုနှင့် ကင်ဆာရောဂါများ ဖြစ်ပွားနိုင်သည်အထိ ဆိုးကျိုးပေးနိုင်မှုများသည်လည်း သတိထားရမည့် ကျန်းမာရေးအန္တရာယ်များ ဖြစ်ပါသည်။

ဖြုံငုံသုံးသပ်ရလျှင် စပ်ဆေးသောက်သုံးခြင်းသည် ရောဂါလက္ခဏာကို ယာယီသာ သက်သာစေနိုင်ပြီး ရောဂါအခြေခံပြတ်စေရန် ကုသမှုခံယူခြင်း မဟုတ်သည့်အတွက် ရောဂါအခြေအနေ ပိုမိုဆိုးရွားလာနိုင်သည့်အပြင် သုံးစွဲသူများအတွက် အသက်အန္တရာယ်ရှိခြင်း၊ ပြည်သူလူထုနှင့် နိုင်ငံတော် အတွက် ဆေးယဉ်ပါးမှုကဲ့သို့သော စိန်ခေါ်မှုများ ရှိခြင်းတို့ကြောင့် အသံတိတ်လူသတ်သမားဟုပင် တင်စားရပေမည်။ ထို့ကြောင့် စပ်ဆေးများသည် စွေးနှုန်းချိသာ၍ ဝယ်ယူရန် လွယ်ကူသော်လည်း အလွန်အန္တရာယ်ရှိသည့်အတွက် သက်ဆိုင်ရာဌာနများအနေဖြင့် မျက်ခြည်မပြတ် ကြီးကြပ်ရန်လိုအပ်သလို ရောင်းချသူများအနေဖြင့်လည်း မိမိအကျိုးအမြတ်အတွက် အခြားသူများ တစ်ဖက်သောင်တွန်းတစ်ဖက်ကမ်းပါးပြိုသလို ဆိုးကျိုးမဖြစ်စေရေး ရောင်းချခြင်း လုံးဝမပြုလုပ်သင့်ပါ။ သုံးစွဲသူများအနေဖြင့်လည်း ကျန်းမာရေးအသိရှိစွာဖြင့် လွန်စွာဘေးဖြစ် စပ်ဆေးအပြစ်များကို သတိချပ်ပြီး ဝယ်ယူသုံးစွဲခြင်းကို လုံးဝရှောင်ကြဉ်သင့်ပါသည်။

**စပ်ဆေးပပျောက်ရေး**

**ဆောင်ရွက်သင့်သည့်နည်းလမ်းများ**

**လွန်စွာဘေးဖြစ်၍ အပြစ်ကြီးများသည့် စပ်ဆေးအား လူမှုပတ်ဝန်းကျင်မှ ပပျောက်သွားရန်မှာ လူပုဂ္ဂိုလ်တစ်ဦးတည်း၊ အဖွဲ့အစည်းတစ်ခုတည်း၊ အစိုးရဌာနတစ်ခုတည်းမှ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနကဲ့သို့သော ကြီးကြပ်ကွပ်ကဲရသည့် ဌာနဆိုင်ရာများ၊ ဆေးဝါးရောင်းချသည့် လုပ်ငန်းရှင်များ၊ သုံးစွဲသူ ပြည်သူများ စသည့်ဖိခုံလောက်သုံးခု တက်ညီလက်ညီ ပူးပေါင်းပါဝင်မှုကသာ စပ်ဆေးပပျောက်ရေး အနာဂတ်ဟင်းလျာကောင်းတစ်ခွက် ရရှိလာရေး ဖန်တီးနိုင်မည်မှာ အသေအချာပင် ဖြစ်ပါသည်။**

လုပ်ပိုင်ခွင့်ရှိသော ဌာနများအနေဖြင့် တာဝန်အရ ဝတ်ကျေတမ်းကျေ ပြုလုပ်ခြင်းမျိုးမဟုတ်ဘဲ အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိ၊ အနာဂတ် ကျန်းမာရေးအမြင်တို့ဖြင့် ပြဋ္ဌာန်းထားပြီးသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြေညာချက်များ အသုံးပြု၍ စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးခြင်း၊ အရေးယူခြင်းများ ပြုလုပ်လျက်ရှိသကဲ့သို့ တစ်ချိန်တည်းမှာပင် ဈေးရောင်းချသူများနှင့် ပြည်သူများအား စပ်ဆေး၏အန္တရာယ်၊ လတ်တလောနှင့် ရေရှည်ဆိုးကျိုးများ၊ ပြည်သူ့ကျန်းမာရေးအပေါ် သက်ရောက်မှုများအား အသိပညာပေးခြင်းလုပ်ငန်းများ ပိုမိုအားထည့်ဆောင်ရွက်လျက်ရှိပါသည်။

ပုဂ္ဂလိကဆရာဝန်များအနေဖြင့်လည်း မိမိဆေးခန်းသို့ လာရောက်ပြသသော လူနာများအား စပ်ဆေးများ၏အန္တရာယ်များ၊ ဘေးထွက်ဆိုးကျိုးများအကြောင်း အသိပညာပေးပြောကြားပြီး ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ ဆေးများ သောက်သုံးရန် တိုက်တွန်းခြင်းအားဖြင့် ပညာပေးလုပ်ငန်းစဉ်တွင် တစ်တပ်တစ်အား ပါဝင်ကြစေရေး တိုက်တွန်းလိုပါသည်။ ဆရာဝန်ညွှန်ကြားချက်လိုအပ်သောဆေးဝါးများ (POM- Prescription Only Medicines)ကို ဆေးစာမပါဘဲ လွယ်လင့်တကူ ရောင်းချနေမှု ပပျောက်ရေးဆောင်ရွက်မှုဖွဲ့ ဆရာဝန်များအနေဖြင့် ဆေးညွှန်းများကို တိကျစွာ ရေးသားခြင်းအားဖြင့် ပူးပေါင်းပါဝင်ရန် လိုအပ်မည် ဖြစ်ပါသည်။

ဆေးဆိုင်ပိုင်ရှင် လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ လတ်တလောအကျိုးအမြတ်ကို သာ ဦးတည်သည့် Profit-oriented စနစ်များကို ရှောင်ကြဉ်ကာ ပြည်သူကိုရှေးရှုသည့် Public-oriented လုပ်ငန်းဖြစ်စေရေး ကြိုးပမ်းခြင်းဖြင့် ကျင့်ဝတ်စောင့်ထိန်းသော လုပ်ငန်းများအဖြစ် ရပ်တည်သင့်ပါသည်။ သုံးစွဲသူပြည်သူများအနေဖြင့်လည်း လတ်တလော စွေးသက်သာခြင်း၊ ဝယ်ယူရလွယ်ကူခြင်း၊ လတ်တလောရောဂါခံစားရမှု သက်သာခြင်းတို့ကိုသာကြည့်ပြီး လွန်စွာဘေးဖြစ်သော စပ်ဆေးအပြစ်များနှင့် ရေရှည်ဆိုးကျိုးများကို သတိမမူမိသည့်သုံးစွဲသူများ မဖြစ်စေရေး၊ ကျန်းမာရေး ဗဟုသုတများ ပိုမိုလေ့လာဆည်းပူးသင့်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့်လည်း ပြည်သူလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုများရရှိစေရန် နယ်လှည့်ဆေးကုသခြင်း၊ မြို့နယ်အဆင့်ဆေးရုံများနှင့် ပြင်ပလူနာဌာနများကို တိုးချဲ့ဖွင့်လှစ်ခြင်းကဲ့သို့သော လူပ်ရှားမှုများ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**စပ်ဆေးအန္တရာယ်သည် မြန်မာနိုင်ငံတွင် လွန်စွာအရေးတကြီးဖြေရှင်းရမည့် ပြည်သူ့ကျန်းမာရေးကို စိန်ခေါ်လျက်ရှိသော ပြဿနာတစ်ရပ် ဖြစ်ပါသည်။** ယင်းကို အစိုးရ၊ လုပ်ငန်းရှင်၊ ပြည်သူလူထု တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ အောင်မြင်စွာတွန်းလှန်နိုင်မည်ဖြစ်ပြီး စပ်ဆေးများ ရောင်းချသုံးစွဲမှု ပပျောက်မှသာ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် လူတိုင်း သက်တမ်းစေ့ အသက်ရည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးအား ကြီးမားစွာ စိန်ခေါ်နေသည့် အတားအဆီးကို ဖယ်ရှားနိုင်မည် ဖြစ်ပါသည်။

လွန်စွာဘေးဖြစ် – စပ်ဆေးအပြစ်အား မှန်ကန်စွာ သိမြင်ကာ နိုင်ငံတော်အတွင်းရှိ ပြည်သူတစ်ဦးချင်းစီက အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိဖြင့် ပူးပေါင်းဆောင်ရွက်ကြရင်း စပ်ဆေးကင်းစင်ပြီး အရည်အသွေးအာနိသင်ရှိ၍ ဘေးအန္တရာယ်ကင်းရှင်းသောဆေးဝါးများ သုံးစွဲနိုင်သည့် အနာဂတ်မျိုးဆက်တစ်ရပ်အား လက်ဆင့်ကမ်းဖော်ဆောင်သွားကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။ ။

# တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် အဆောက်အအုံသစ် သုံးထပ်တည်ဆောက်ရန် ရတနာပန္နက်တင်

ထားဝယ် နိုဝင်ဘာ ၁၃




တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် အဆောက်အအုံသစ် တည်ဆောက်ခြင်းလုပ်ငန်း ရတနာပန္နက်တင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ ကုံကော်လမ်းဆန်းချိရပ်ကွက် တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် အဆောက်အအုံသစ် RCC သုံးထပ်အဆောက်အအုံနှင့် ဆက်စပ်လုပ်ငန်းများ တည်ဆောက်မည့်နေရာ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးမြတ်ကို၊ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးသန်း၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာဝင်းအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ကျော်ကျော်ဦး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဒေါ်ရင်ရင်သန်းနှင့် ဒေါ်ထွေးထွေး၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးမြင့်စိန်တို့က သတ်မှတ်နေရာများတွင် နေရာယူကြပြီး ရတနာပန္နက်စိုက်ထူခြင်း၊ အမွေးနုံသာရည်များပက်ဖျန်းခြင်းနှင့် တွင်းတော်ဝန်း မင်္ဂလာပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြပြီး တက်ရောက်လာကြသူများနှင့် ဖျော်ဖြေရေးအဖွဲ့များအား လိုက်လံနှုတ်ဆက်ကြသည်။

တိုင်းဒေသကြီးတရားလွှတ်တော် အဆောက်အအုံသစ်ကို တရားစီရင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို စနစ်တကျ၊ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်၊ တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်လာစေရန် တရားရုံးနှင့် သက်ဆိုင်သော ဝန်ဆောင်မှုများကို ပြည်သူများအဆင်ပြေစွာရယူနိုင်ရန်၊ တရားစီရင်ရေးစနစ်အပေါ် ပြည်သူများ၏ ယုံကြည်မှုတိုးတက်လာစေရန်နှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်များဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၂၃-၂၀၂၇ စတုတ္ထနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၆ ခုနှစ်) မဟာဗျူဟာ ရည်မှန်းချက် ၁.၄.၁ အရ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ရှေးဟောင်းစေတီပုထိုးများ၏ မြေငလျင်ခံနိုင်ရည်နှင့် ကြိုတင်အားဖြည့်မှုဆိုင်ရာ သုတေသနလုပ်ငန်းပြီးမြောက်ခြင်း ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၃




ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ စေတီပုထိုးများ၏ မြေငလျင်ခံနိုင်ရည် သုတေသနလုပ်ငန်းများ အောင်မြင်ပြီးမြောက်ခြင်း ဂုဏ်ပြုပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဇင်မောင်ဝိုး က ပါဝင်ဆောင်ရွက်ခဲ့သည့် ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်၍ သုတေသနလုပ်ငန်းများတွင် လေ့ကျင့်သင်ယူခဲ့ကြသော အင်ဂျင်နီယာများအား သင်တန်း ပြီးမြောက်ကြောင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဂုဏ်ပြုပွဲတွင် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများနှင့် စေတီပုထိုးများကို ထိရောက်စွာ ပြုပြင်ထိန်းသိမ်းနိုင်ခြင်း၊ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းခြင်းအတွက် သုတေသနနှင့် သင်တန်းကို တွဲဖက်ဆောင်ရွက်ခဲ့မှုသည် များစွာအကျိုးကျေးဇူးများရရှိခြင်း၊ နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် ငလျင်ဒဏ်ခံနိုင်ရည်ရှိသည့် ပြုပြင်ထိန်းသိမ်းရေးနည်းလမ်းများရရှိခြင်း၊ စေတီ၊ ပုထိုးများ ရေရှည်ကြံ့ခိုင်စေရန် ကြိုတင် အားဖြည့်မှုဆိုင်ရာ သုတေသနရလဒ် အချက်အလက်များ ဖော်ထုတ်နိုင်ခြင်းနှင့် သုတေသနနှင့် သင်တန်းတွင် လေ့ကျင့် သင်ယူခဲ့ကြသည့် အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာခြင်းစသည့် အကျိုးကျေးဇူးများနှင့် ရလဒ်များရရှိသည့်အတွက် အဖိုးတန်လှသော သုတေသနလုပ်ငန်းဖြစ်ကြောင်း ပြည်ထောင်စု ဝန်ကြီးက ပြောကြားသည်။

ဆက်လက်၍ ရှေးဟောင်း သုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၁၆ ငလျင်အလွန် ပြန်လည် ထူထောင်ရေးနှင့် သုတေသန လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မြတ်က ၂၀၁၇ ခုနှစ် မှစတင်၍ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ စေတီပုထိုးများ၏ မြေငလျင်ခံနိုင်ရည်နှင့် ကြိုတင်အားဖြည့်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို မြန်မာနိုင်ငံ ငလျင်ကော်မတီ၊ ပြည်တွင်း ပြည်ပ ပညာရှင်များ ပူးပေါင်း ဆောင်ရွက်ခဲ့မှုများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ စေတီပုထိုးများ၏ မြေငလျင်ခံနိုင်ရည်နှင့် ကြိုတင်အားဖြည့်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို ၂၀၁၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၆ ခုနှစ်တွင်အောင်မြင်စွာ ပြီးမြောက်ခဲ့ခြင်းကြောင့် ပုဂံဒေသအတွက်သာမက မြန်မာနိုင်ငံတစ်ဝန်းရှိ အခြားသော ငလျင်ဒဏ်သင့်ဒေသများနှင့် ရှေးဟောင်းအမွေအနှစ်နယ်မြေများ ထိန်းသိမ်းစောင့်ရှောက်ရေး အတွက်ပါ အကျိုးကျေးဇူးများစွာ ရရှိလာမည်ဖြစ်သည်။ အဆိုပါသုတေသနမှ ရရှိလာသော မြေငလျင်ခံနိုင်ရည်နှင့် ကြိုတင်အားဖြည့်မှုဆိုင်ရာ နည်းပညာများကို အင်း၀၊ ပင်းယ၊ မန္တလေး၊ စစ်ကိုင်း အစရှိသည့် ယဉ်ကျေးမှု အမွေအနှစ်ဒေသများရှိ စေတီပုထိုးများနှင့် ရှေးဟောင်း အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စံပြနည်းပညာအဖြစ် အသုံးချသွားနိုင်မည်ဖြစ်ပြီး မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးထိခိုက်ခဲ့သည့် ဒေသများရှိ ရှေးဟောင်းဗိသုကာလက်ရာများကို ပြုပြင်ထိန်းသိမ်းရာတွင် မူလလက်ရာမပျက်စေဘဲ ခေတ်မီ ငလျင်ဒဏ်ခံစနစ်များ ပေါင်းစပ်အသုံးပြုနိုင်မည့် နည်းလမ်းများ ရရှိလာမည်ဖြစ်ပြီး နောင်တွင် ဖြစ်ပေါ်လာနိုင်သည့် ငလျင်ဘေးအန္တရာယ်များ အတွက်လည်း ထိခိုက်ဆုံးရှုံးနိုင်ခြေများသောဒေသများ၌ကြိုတင်အားဖြည့်ထိန်းသိမ်းမှုဆိုင်ရာ မူဝါဒနှင့် စီမံချက်များကို လည်း စနစ်တကျ ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မိတ္ထီလာခရိုင်၌ သီးနှံသိုလှောင်မှုနည်းပညာသင်တန်း ဖွင့်လှစ်

မိတ္ထီလာ နိုဝင်ဘာ ၁၃



နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အထူးဖွံ့ဖြိုးရေးဒေသ ခရိုင် ခုနစ်ခုအနက် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အပံ့ဖြစ်စေရန် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့ ပူးပေါင်း၍ အဆိုပါ ခရိုင် နှစ်ခုမှ ဒေသတွင်းထွက်ရှိသော သီးနှံများ သိုလှောင်ရာတွင် လေလွင့်ပျက်စီးမှုမရှိစေရေးနှင့် သိုလှောင်မှုနည်းစနစ်များ သိရှိစေရေး သီးနှံသိုလှောင်မှု နည်းပညာ သင်တန်း ဖွင့်လှစ်ပို့ချခြင်းကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက တော်ဝင်နန်းခန်းမတွင် ကျင်းပသည်။

သင်တန်းတွင် မိတ္ထီလာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး စားသုံးသူရေးရာ ဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက်စိုက်ပျိုးရေးဦးစီးဌာနနှင့် ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှု ဌာနစုတို့မှ ကျွမ်းကျင်ပညာရှင်များက လယ်ယာထွက်ကုန်သီးနှံများ သိုလှောင်မှုနည်းပညာ၊ သိုလှောင်သီးနှံအင်းဆက်ဖျက်ပိုးများနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ သိုလှောင်သီးနှံများနှင့်ပိုးမွှားကျရောက်မှုအန္တရာယ် အကြောင်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)



# ဒဂုံမြို့နယ်၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၁ ရက်က ဒဂုံမြို့နယ် အိမ်တော်ရာဘုရားဝင်းအတွင်းရှိ မိုးမခမွှာရုံ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူးက တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကာ ဒဂုံမြို့နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဝင်များက လိုအပ်သည်များ ထပ်မံဆွေးနွေးခဲ့ကြောင်း သိရသည်။ အာကာ

## မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏

# ဘက်စုံပို့ဆောင်ရေးလုပ်ငန်းရှင်များ တာဝန်ရှိမှု အာမခံအမျိုးအစားသစ်မိတ်ဆက်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃

ဘက်စုံပို့ဆောင်ရေးလုပ်ငန်းရှင်များ တာဝန်ရှိမှု အာမခံ (Multimodal Transport Operators' Liability Insurance) အမျိုးအစားသစ် ဈေးကွက်သို့ တရားဝင်မိတ်ဆက်ခြင်းနှင့် ပြည်သူလူထုသို့ အသိပေးကြော်ငြာခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)၌ ကျင်းပသည်။

ယနေ့ခေတ် မြန်မာ့စီးပွားရေးနှင့် တာဝန်ယူမှုရှိသော ပို့ဆောင်ရေးလုပ်ငန်းများတွင် စာချုပ်တစ်ခုတည်းဖြင့် ခရီးစဉ်တစ်လျှောက် သယ်ယူပို့ဆောင်ရေး နည်းလမ်းတစ်ခုထက်မက အသုံးပြုသည့် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းရှင်များ (Multimodal Transport Operators–MTOs)အနေဖြင့် ခရီးစဉ်စတင်ချိန်မှ တည်နေရာသို့မရောက်ရှိမီအထိ ကုန်စည်များဆုံးရှုံးမှု၊ ပျက်စီးမှု၊ ကြန့်ကြာမှုများနှင့်ပတ်သက်၍ ကြီးမားသော ဥပဒေအကြောင်းဆိုင်ရာ တာဝန်ရှိမှု(Legal Liability)ကို ရင်ဆိုင်ကြရကြောင်း၊ ထိုဆက်စပ် လုပ်ငန်းစဉ်များကို ထိရောက်စွာ ဖြေရှင်းနိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းအေးချမ်းစွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဤအာမခံအမျိုးအစားသစ်ကို နိုင်ငံတော်က ဖော်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။



အခမ်းအနားတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့မျက်မှောက်ခေတ် ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံတကာကုန်သွယ်မှုစနစ်(Global Supply Chain)တွင် ရေကြောင်း၊ ကုန်းကြောင်း၊ ရထားလမ်း၊ လေကြောင်း ဟူ၍သီးခြားစီခွဲခြားဆောင်ရွက်နေသည့်ခေတ်ကာလကို ကျော်လွန်ခဲ့ပြီဖြစ်ပြီး ကုန်စည်များကို စတင်ထုတ်လုပ်သည့်နေရာမှ စားသုံးသူထံသို့ အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ပို့ဆောင်နိုင်ရန်အတွက် ပို့ဆောင်ရေးပုံစံအမျိုးမျိုးကို ချိတ်ဆက်အသုံးပြုသည့် ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ် (Multimodal Transport System)သည် မရှိမဖြစ် အဓိကမောင်းနှင်အား ဖြစ်လာပြီဖြစ်ကြောင်း ပြောကြားပြီး အာမခံအမျိုးအစားသစ်ကို ပြည်ထောင်စုဝန်ကြီးက Digital Opening System ဖြင့် ဖွင့်လှစ်ပေးခဲ့သည်။

ထို့ပြင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ရန်ကုန်စတော့အိတ်ချိန်း(Yangon Stock Exchange–YSX)သို့ရောက်ရှိကာ ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများ၊ အကြိုစာရင်းဝင်ကုမ္ပဏီများ၏ ရှယ်ယာရောင်းဝယ်မှုအခြေအနေများကို ကြည့်ရှု၍ မြန်မာနိုင်ငံငွေချေး သက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်စတော့အိတ်ချိန်းနှင့် မြန်မာ့ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီတို့မှ တာဝန်ရှိသူများအားတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ အကောက်ခွန်ဦးစီးဌာနသုံးထပ်ရုံး အဆောက်အအုံရှေးမူမပျက်ဆောင်ရွက်နေမှုအခြေအနေများ၊ အနော်ရထာလမ်းနှင့် (၄၇)လမ်းထောင့်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး(၂)သို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (Central Equipment Identity Register– CEIR) One Stop Service (OSS) လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ သာကေတမြို့နယ်ရှိ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းတို့၏ ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ သဃ်နီးကျွန်းမြို့နယ်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းအိမ်ရာ တည်ဆောက်မည့်မြေနေရာကို သွားရောက်ကြည့်ရှုပြီး တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်းပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော် အာကာသဆိုင်ရာ ပန်းချီ/ကာတွန်း/ပိုစတာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃



နေပြည်တော် ကောင်စီနှင့် မြန်မာအာကာသ အေဂျင်စီတို့ ကြီးမှူးကျင်းပသည့် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ/ကာတွန်း/ပိုစတာ ပြိုင်ပွဲနှင့် အာကာသ နည်းပညာဆိုင်ရာ ပြခန်းများကို အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC–1) ၌ နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ မှတ်တမ်းဗီဒီယိုကလစ်ကိုပြသပြီး အထက(၅) ပျဉ်းမနား ကျောင်းသူများက အလှကမ္ဘာမြေသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အခြေခံပညာ မူလတန်းအဆင့် (ပိုစတာ)၊ (ကာတွန်း)၊ (ပန်းချီ) အထူးဆု၊ အခြေခံပညာအလယ်တန်းအဆင့်(ပိုစတာ)၊ (ကာတွန်း)၊ (ပန်းချီ)အထူးဆု၊ အခြေခံပညာ အထက်တန်းအဆင့် (ပိုစတာ)၊ (ကာတွန်း)၊ (ပန်းချီ)အထူးဆု၊ အခြေခံပညာ မူလတန်းအဆင့် (ပိုစတာ)၊ (ကာတွန်း)၊ (ပန်းချီ) ပထမ၊ ဒုတိယ၊ တတိယ၊ အခြေခံပညာ အလယ်တန်းအဆင့် (ပိုစတာ) (ကာတွန်း) (ပန်းချီ) ပထမ၊ ဒုတိယ၊ တတိယ၊ အခြေခံပညာ အထက်တန်းအဆင့် (ပိုစတာ)၊ (ကာတွန်း)၊ (ပန်းချီ) ပထမ၊ ဒုတိယ၊ တတိယဆုများကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌသည် အကဲဖြတ်ဒိုင်အဖွဲ့အား ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပြီး အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီထောက်ပံ့ပေးခဲ့ကြသည့် အဖွဲ့အစည်းများအား ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးအပ်ကာ ဆုရရှိခဲ့သည့် ပန်းချီ၊ ကာတွန်း၊ ပိုစတာများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## ဒက္ခိဏသီရိမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်းများစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးခန့်ဇော်သည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၂ ရက်တွင် ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ငွေးတောက်ရိုး–မန်ကျည်း ကုန်းကျေးရွာချင်းဆက်လမ်းအား အမာခံလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုရာ တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် အမြဲတမ်းအတွင်းဝန်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သျှင်ဦးမောင်(ဒက္ခိဏ)**



## မှော်ဘီမြို့နယ်၌ မိုးစပါးရိတ်သိမ်းမှု ကွင်းဆင်းစစ်ဆေး

မှော်ဘီ နိုဝင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေမှ လူမှုစီးပွားမြှင့်တင်ရေး သက်တန့်ရောင်စီမံကိန်းဖြင့် စိုက်ပျိုးသည့် ဆင်းသုခမိုးစပါးရိတ်သိမ်းနေမှုကို နိုဝင်ဘာ ၁၀ ရက်က တိုးလယ်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ လူမှုစီးပွားမြှင့်တင်ရေး သက်တန့်ရောင်စီမံကိန်းဖြင့် မိုးစပါးစိုက်ပျိုးသည့် ဇမ္မူအေးစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသားများ၏ မိုးစပါးရိတ်သိမ်းနေမှုကို မြို့နယ်သမဝါယမဦးစီးအရာရှိ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကောင်းမြတ်သူ(မှော်ဘီ)**



## လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ထုတ်ပေး



မန္တလေး နိုဝင်ဘာ ၁၃

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ခွင့်ပြုထုတ်ပေးခြင်းကို နိုဝင်ဘာ ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်က မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Sweety Home မွေ့ယာစက်ရုံမှ အာမခံအလုပ်သမား ဒေါ်ဇာဝေဖြိုးသည် အလုပ်တွင်ထိခိုက်မှုကြောင့် လုပ်အားဆုံးရှုံးမှုအတွက် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၅၉၉၇၆၀၀ ကို ဒေါ်ဇာဝေဖြိုးအား ထုတ်ပေးခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# (၃၄)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မြန်မာအားကစားအဖွဲ့ အောင်မြင်မှုရရှိစေရေးအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း

ရန်ကုန် နိုဝင်ဘာ ၁၃



အားကစားရေးရာဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် ပေါင်းစပ်ပြီး (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများ ရရှိစေရေးအတွက် နေပြည်တော်တွင် ပြေးခုန်ပစ်၊ ပန်ကြပ်ဆီလတ်၊ မြားပစ်၊ လက်ဝှေ့၊ ခြင်းလုံး၊ ဂျူဒို၊ ပီတန်း၊ ပိုက်ကျော်ခြင်းနှင့် တိုက်ကွမ်ဒိုအားကစားနည်းများကိုလည်းကောင်း၊ ရန်ကုန်မြို့တွင် ဘိလိယက်နှင့် စနူကာ၊ ကရာတေး၊ သေနတ်ပစ်၊ တက်ဂ်ဘော၊ အလေးမ၊ ဂူရှူး၊ ကြက်တောင်၊ ခရစ်ကတ်၊ ကျွမ်းဘား၊ ဘော်လီဘော(ကျား)အသင်းနှင့် ဟော်ကီအားကစားနည်းများကိုလည်းကောင်း စခန်းဝင်၍ စနစ်တကျစုဖွဲ့လေ့ကျင့်မှုများပြုလုပ်၍ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများ ရရှိစေရေးအတွက် (နေပြည်တော်နှင့် ရန်ကုန်မြို့)တို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဦးရဲမြင့်ထွန်း က ၂၀၂၇ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှ ၂၉ ရက်အထိ မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် မြန်မာအားကစားအဖွဲ့များ အောင်မြင်မှုရရှိနိုင်ရေးအတွက် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာ၊ စည်းလုံးညီညွတ်မှုနှင့် ကြံ့ခိုင်မှုကိုပြသနိုင်သည့် အကောင်းဆုံးစွမ်းအားတစ်ခုဖြစ်၍ နိုင်ငံတော်၏ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်များ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပြီး အတူတကွ လက်တွဲကြိုးပမ်းသွားရန် လိုအပ်ပါကြောင်း၊ အားကစားအဖွဲ့ချုပ်များအချင်းချင်း အတွေ့အကြုံကောင်းများ ဖလှယ်ခြင်း၊ အပြန်အလှန် အမှီသဟဲပြုခြင်းနှင့် ညီညွတ်စွာ လက်တွဲဆောင်ရွက်ခြင်းတို့ကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စခန်းသွင်းလေ့ကျင့်နေမှုအခြေအနေများ၊ ဝင်ရောက်ယှဉ်ပြိုင်မည့် Event အမျိုးအစားများ၊ အားကစားသမားအင်အားစာရင်းနှင့် ဆုတံဆိပ်ရရှိနိုင်မှု အခြေအနေများ၊ ဒိုင်ဂျူရီတာဝန်ထမ်းဆောင်မှုများ၊ နေထိုင်စားသောက်မှု၊ လေ့ကျင့်မှု၊ ပြိုင်ပွဲသုံးအားကစားပစ္စည်းများ ရရှိမှုအခြေအနေများ၊ နည်းပြများ ငှားရမ်းနိုင်ရေးကိစ္စရပ်များ၊ G to G အစီအစဉ်ဖြင့် ပြည်ပနိုင်ငံများသို့ Joint Training ပူးတွဲ သွားရောက်လေ့ကျင့်နိုင်ရေးကိစ္စရပ်များ၊ ပြည်တွင်း/ပြည်ပဖိတ်ခေါ်ပြိုင်ပွဲများ လက်ခံကျင်းပနိုင်ရေးနှင့် သွားရောက်ယှဉ်ပြိုင်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက တင်ပြဆွေးနွေးချက်များအပေါ် ဖြည့်စွက်ဆွေးနွေး ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပလျက်ရှိသည့် '၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဂူရှူးပြိုင်ပွဲ' အမျိုးသား/ အမျိုးသမီး ထိုက်ကျိကျန်ပြိုင်ပွဲ ပွဲစဉ်နှင့် ဆန်းဆိုပြိုင်ပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# (၇၉)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပသည်ထက် ပိုမိုခမ်းနား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

မြစ်ကြီးနား နိုဝင်ဘာ ၁၃



(၇၉)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပသည်ထက် ပိုမိုခမ်းနား စည်ကားသိုက်မြိုက်စွာ မနောကွင်းအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ကချင်ရိုးရာကောက်သစ်စားပွဲတော်ကို ရိုးရာအစဉ်အလာနှင့်အညီ မဂျွယ်ခန်းမ၌ ကျေးဇူးတော်ချီးမွမ်းခြင်း၊ အတူတကွနေ့လယ်စာသုံးဆောင်ခြင်းတို့အပြင် ရှေးဘိုးဘွားတို့၏ ရိုးရာအစဉ်အလာအတိုင်း မနောရင်ပြင်တွင် ထောင်ကာအကနှင့် ယှဉ်တွဲကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ယနေ့မွန်းလွဲပိုင်းက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည့်ကချင်ရိုးရာကောက်သစ်စား(အင်လုံအင်နန်ရှား)ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် (၇၉)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ သိရသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် စာပေယဉ်ကျေးမှုအဖွဲ့များက မနောကွင်း မဂျွယ်ခန်းမ၌ ကျင်းပသွားမည့် ကချင်ရိုးရာကောက်သစ်စားပွဲ အခမ်းအနားအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ကချင်ပြည်နယ်နေ့ အခမ်းအနားများ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီဖွဲ့စည်း၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ပွဲတော်ကျင်းပရေး အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်က ရိုးရာကောက်သစ်စား အင်လုံအင်နန်ရှားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး အပြင် (၇၉)နှစ်မြောက် ကချင်ပြည်နယ်နေ့ မနောပွဲတော်ကြီးကိုလည်း စည်ကားသိုက်မြိုက်စွာဖြင့် အားလုံးပါဝင်ဆင်နွဲနိုင်အောင် စီမံဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့တက်ရောက်၍ပွဲတော်မုခ်ဦးကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပွဲတော်အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူများ ကာယ၊ ဉာဏစွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျင်းပပေးသည့် ခါးကွင်းလှည့်ပြိုင်ပွဲ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် သချာ်ဘာသာရပ်ဆိုင်ရာ ဉာဏ်စွမ်းပဟေဋ္ဌိပြိုင်ပွဲများ၊ သုတ/ ရသ စာအုပ်စာစောင်ပြပွဲ၊ အရုပ်ခေါက်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ စကားပုံဆက်နှင့် အရုပ်ဆက်ပြိုင်ပွဲများအပါအဝင် လှပသာယာ ပြည်မြန်မာဓာတ်ပုံပြပွဲနှင့် ရွှေ့လျားစာကြည့်တိုက်ဖြင့် စာအုပ်စာစောင် ငှားရမ်းဖတ်ရှုမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကာ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ အတွက် ဗလာစာအုပ်နှင့် ကျောင်းသုံးပစ္စည်းများကို ဆုလက်ဆောင်အဖြစ် ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းစာကြည့်တိုက်အတွက် သုတ/ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပြီး ပွဲတော်အထိမ်းအမှတ် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ၊ လူငယ်စကားဝိုင်း ဆွေးနွေးပွဲ၊ ဖျော်ဖြေရေးအဖွဲ့များ အတွက် ဂုဏ်ပြု ချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရွာင်မြို့နယ်၌ သဘာဝဘေးကာကွယ်ရေး အသိပညာပေးဟောပြော

ရွာင် နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာင်မြို့နယ် သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် အယ်လ်နီညိုသဘာဝဘေးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းတွင် အထက(ရွာင်) ပြဒါးလင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှူး၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနခွဲ၊ ပန်းလောင်နှင့်ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး၊ မီးသတ်ဦးစီးဌာနမှ တပ်ကြပ်ကြီးတို့က သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေး၊ တောမီးကြောင့်သဘာဝပတ်ဝန်းကျင်၊ စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်သည့် အဓိကအကြောင်းအရင်းများနှင့် အယ်လ်နီညိုသဘာဝဘေးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) တည်ဆောက်ရေးမှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးဇော်မိုးဦးနှင့် တာဝန်ရှိသူများက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းများကို နိုဝင်ဘာ ၁၂ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။ ခင်စန္ဒာမြင့် (ပြန်/ဆက်)



# ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ် ငါးမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာများ ထောက်ပံ့ပေးအပ်



နေပြည်တော် နိုဝင်ဘာ ၁၃

ရပ်စောက်မြို့တွင် ဖွင့်လှစ်ထားသော ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်း ဇော်ဂျီကွေ့ ဓမ္မာရုံနှင့် မိုးလုံလေလုံ အားကစားခန်းမတို့၌ ပြောင်းရွှေ့ခိုလှုံလျက်ရှိသော အိမ်ထောင်စု ၈၃ စုမှ ရေဘေးသင့်ပြည်သူ ၃၃၇ ဦး အတွက် ယနေ့တွင် ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာများအပါအဝင် ထောက်ပံ့မှုမှာ ယနေ့အထိ ထောက်ပံ့ငွေစုစုပေါင်း ၂၅၇၆၅၀၀ ဖြစ်ကြောင်းနှင့် အခြားလိုအပ်ချက်များကို ဆက်လက်စိစစ် ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ရေဘေးရှောင်စခန်းများကို ကြည့်ရှုအားပေးထောက်ပံ့ရန် ရှမ်းပြည်နယ်၌ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကိုကိုလွင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့်အတူ ယနေ့တွင် အဆိုပါ စခန်းများသို့ သွားရောက်၍ ရေဘေးသင့် ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် မြို့နယ် ငါးမြို့နယ်၌ ရေဘေးရှောင်စခန်း ၁၉ ခု၊ အိမ်ထောင်စု ၉၆၃ စု၊ လူဦးရေ ၃၅၄၅ ဦး ယာယီရေဘေးရှောင်လျက်ရှိပြီး အဆိုပါပြည်သူများ အတွက် ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာများအပါအဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့မှုမှာ ယနေ့အထိထောက်ပံ့ငွေစုစုပေါင်း ၂၅၇၆၅၀၀ ဖြစ်ကြောင်းနှင့်အခြားလိုအပ်ချက်များကို ဆက်လက်စိစစ် ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇော်ဂျီရပ်ကွက်အနီး ဇော်ဂျီမြစ်ရေလျှံမှု ဖြစ်ပေါ်နေသည့် နေရာသို့ ရောက်ရှိပြီး ရပ်ကွက်အတွင်း ရေကြီးမှုဖြစ်ပေါ်နေမှုအခြေအနေ၊ ရေလမ်းကြောင်း ထိန်းသိမ်းပြုပြင်ရန် ဆောင်ရွက်နေမှု၊ လာမည့်နှစ်များတွင် ရေကြီးရေလျှံမှု လျော့ပါးသက်သာစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ဆောင်ရွက်မည့် အစီအမံများကို ကြည့်ရှုစစ်ဆေးကာ ပြည်သူများအား အားပေးစကားပြောကြားသည်။

ထို့နောက် ရွှေညောင်မြို့နယ် ရေပူကျေးရွာရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(နှင်းလတ်)၌ ပြန်လည်ထူထောင်ရေး သင်တန်းများဖွင့်လှစ်၍ ကူညီစောင့်ရှောက်နိုင်ရေး ပြင်ဆင်နေမှုကို သွားရောက်ကြည့်ရှုကာ ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရေကြီးရေလျှံမှုကြောင့် ရေဘေးရှောင်စခန်းများဖွင့်လှစ်ထားရသည့် ညောင်ရွှေမြို့နယ်သို့ ရောက်ရှိပြီး ယာယီရေဘေးရှောင် ကယ်ဆယ်ရေးစခန်း (ရန်ကုန်ကျောင်းတိုက်)၌ ရောက်ရှိခိုလှုံလျက် ရှိသော ရေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး အားပေးကာ ညောင်ရွှေမြို့နယ်ရှိ ယာယီရေဘေးရှောင် ကယ်ဆယ်ရေးစခန်း ခြောက်ခုရှိ ရေဘေးသင့် အိမ်ထောင်စု ၂၃၂ စုမှ ပြည်သူ ၅၉၆ ဦးအတွက် ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာများအပါအဝင် ထောက်ပံ့မှု တန်ဖိုးကျပ် ၁၀၁၅၉၆၀၀ ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ရေဝေရောက်မှုကြောင့် ယာယီပိတ်ထားရသည့် မူလတန်းကျောင်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆွေးနွေးပြီး အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ကာ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံ၍ ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပညာသင်ကြားနိုင်ရေး၊ ပျက်ကွက်ခဲ့သည့် စာသင်ရက်များအတွက် အစားထိုးသင်ကြားနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညောင်ရွှေပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအား တွေ့ဆုံအားပေးကာ ရေဘေးရှောင်စခန်းများတွင် ကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ဆောင်ရွက်နေမှုကိုပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် ညောင်ရွှေမြို့ပေါ်ရှိဝန်းရပ်ကွက်၊ မြို့လယ်ရပ်ကွက်နှင့် ကံသာရပ်ကွက်များတွင် ရေကြီးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုကာ ရေဘေးရှောင်စခန်းများသို့ သွားရောက်ခြင်းမပြုဘဲ ခေါ်ဆိုမှုများတွင်သာ ဘေးကင်းစွာ နေထိုင်နေသည့် ပြည်သူများအား စားရေရိက္ခာများ လိုက်လံထောက်ပံ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှဝန်ထမ်းများနှင့် တွေ့ဆုံကာ တင်ပြချက်များကို ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## နမ့်စန်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၃) ရပ်ကွက်၊ အမှတ်(၄) ရပ်ကွက်များအတွင်း ရေများဝင်ရောက်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသဖြင့် ရေဘေးသင့်အိမ်ထောင်စု ၁၆၈ စုမှ ဒေသခံတိုင်းရင်းသားပြည်သူ ၆၉၁ ဦးတို့ကို နမ့်စန်မြို့ရှိ ဗုဒ္ဓရာဇာဘုန်းတော်ကြီးကျောင်းနှင့် စွန့်ဂျာမေဗလီကျောင်းတို့၌ ယာယီရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ပြည်သူများအား ပြောင်းရွှေ့နေရာချထားပေးလျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်သည်။ ထို့ပြင် နမ့်စန်မြို့ရှိ ရေကြီးရေလျှံမှုဖြစ်ပွားရာ နေရာများ၌ နယ်မြေခံတပ်မတော်သား များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် နယ်မြေခံဆေးကုသရေးအဖွဲ့များကလည်း ရေဘေးသင့် ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

### ❍ မြန်မာအမျိုးသမီးမှ

ပန်ထွာအသင်းက Pacific Sun Far အသင်းကို လေးဂိုး–တစ်ဂိုး၊ YRG အသင်းက ဘူရှိုင်းအသင်းကို ၃၉ ဂိုး–ဂိုးမရှိ၊ ရိုးမအသင်းက ဒဂုံဆိပ်ကမ်းအသင်းကို ၁၃ ဂိုး–ဂိုးမရှိ၊ လှိုင်သာယာအသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ၁၅ ဂိုး–ဂိုးမရှိ၊ ယူ–၁၉ အသင်းက The Stars အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၂) အပြီးတွင် YRG၊ ရိုးမနှင့် ယူ–၁၉ အသင်းတို့က ခြောက်မှတ်စီ၊ လှိုင်သာယာအသင်း၊ Pacific Sun Far အသင်း၊ ရွှိုင်ရယ်ပန်ထွာအသင်း၊ The Stars အသင်းတို့က သုံးမှတ်စီရရှိထားပြီး ဒဂုံဆိပ်ကမ်း၊ မင်္ဂလာဒုံစီးတီးအသင်းနှင့် ဘူရှိုင်းအသင်းတို့က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

သတင်း–ရွှိုင်းထက်ဇော်၊ ဓာတ်ပုံ–MFF

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၃

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် လူငယ်များ၏အခန်းကဏ္ဍကို မြှင့်တင်ရန် ရည်ရွယ်၍ လူငယ်ကဏ္ဍ အသိပညာပေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ဖြောင့်မတ်တည်ကြည်သည့် လူ့အဖွဲ့အစည်း ဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်း တို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေး(Edutainment) အစီအစဉ်များကို အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်များမှ စတင်၍ အသိပညာပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ အထက (၆) တွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၅၃ ဦးတို့ကို ကော်မရှင်ရုံးခွဲရှိ ဝန်ထမ်းများက ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာပါ အကြောင်းအရာများကို အခြေခံ၍ အသိပညာပေးဆွေးနွေးခဲ့ပြီး ၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိဝန်ထမ်းများက နေပြည်တော်ကောင်စီ နယ်မြေအပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊



မော်လမြိုင်မြို့များနှင့် နီးစပ်ရာမြို့များရှိ အခြေခံပညာကျောင်းများ၌ Edutainment အစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆) ဒုတိယနေ့ ကျင်းပ

မုံရွာ နိုဝင်ဘာ ၁၃

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆) ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၃ ခုနှစ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၀ နှင့်အညီ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသိန်းက ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဥပဒေအထောက်အကူပြုအဖွဲ့ ဖွဲ့စည်းမှုနှင့် အဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရုပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ဥပဒေအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌအဖြစ် ဦးသန့်ဇင်ဖြိုင်၊ အတွင်းရေးမှူးအဖြစ် ဒေါ်အေးမြသွေးနှင့် အဖွဲ့ဝင် အမည်စာရင်း ၁၅ ဦးကို အတည်ပြုဖွဲ့စည်းကြောင်း ကြေညာသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆) ဒုတိယနေ့ ရပ်နားကြောင်းနှင့် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆)အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆) ဒုတိယနေ့ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၃

တတိယအကြိမ်ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၂၆) ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်ကြောင်း လွှတ်တော်သို့တင်ပြခြင်း၊ ကတိသစ္စာပြုခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ လွှတ်တော်တွင် ဖွဲ့စည်းခဲ့သည့် ကော်မတီများ ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေနှင့် အမည်စာရင်း၊ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအမည်စာရင်းတို့ကို လွှတ်တော်သို့ တင်ပြခြင်း၊ အဆိုပါကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရုပိုင်ခွင့်နှင့် သက်တမ်းသတ်မှတ်ချက်ကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ၂၀၁၅ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဆားနှင့် ဆားထွက်ပစ္စည်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ရန်ကုန်တိုင်းဒေသကြီး ယစ်မျိုးစွန့်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း၊ အဆိုပါ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ ဆောင်ရွက်ပြီး တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆) ဒုတိယနေ့ကို ရပ်နားကြောင်း ကြေညာခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆) ဒုတိယနေ့ ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၁၃

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) ဒုတိယနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အဖြစ် ခန့်အပ်တာဝန်ပေးပြီးဖြစ်သော ဗိုလ်မှူးကြီး ရဲထွဋ်က လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

### ◎ ခရိုအေးရှားမှ

တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အင်္ဂလန်အသင်းနဲ့ ခရိုအေးရှားအသင်းတို့ပွဲစဉ်မှာ အင်္ဂလန်အသင်းအတွက် သွင်းဂိုးတွေကို မော်ဂန်ရော်ဂျာနဲ့ ဟယ်ရီကိန်းတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ပြီး ခရိုအေးရှားအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ပီတာဆူဆစ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးဟယ်ရီကိန်းဟာ အင်္ဂလန်အသင်းနဲ့ အတူ နိုင်ငံတကာသွင်းဂိုး ၉၂ ဂိုးအထိရှိသွားပြီဖြစ်ပြီး ပါဝင်ကစားခဲ့တဲ့ နိုင်ငံတကာပွဲစဉ်ကလည်း ၁၂၆ ပွဲ ရှိသွားပြီဖြစ်ပါတယ်။ လိပ်အေအုပ်စု(၃)မှာ အင်္ဂလန်အသင်းနဲ့အတူ စပိန်အသင်းဟာလည်း ယူအီးအက်ဖ်အေနေးရှင်းလင်ဂ် ကွာတားဖိုင်နယ် တက်လှမ်းခွင့်ရရှိခဲ့ပြီး စပိန်အသင်းဟာ အုပ်စုအဆင့် ပွဲစဉ်(၅)မှာ ချက်အသင်းကို နှစ်ဂိုး - ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

စပိန်အသင်းအနေနဲ့ ချက်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ယခုကျင်းပနေတဲ့ ယူအီးအက်ဖ်အေနေးရှင်းလင်ဂ်ပြိုင်ပွဲမှာ ငါးပွဲကစား၊ ငါးပွဲစလုံးအနိုင်ရရှိခဲ့မှုနဲ့အတူ အုပ်စုထိပ်ဆုံးမှာ ဦးဆောင်နိုင်ခဲ့တဲ့အပြင် ပြိုင်ပွဲစုံ ၃၅ ပွဲအထိ ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့တာဖြစ်ပါတယ်။

ဓွေကြေယ်

## ပင်မဓာတ်အားခွဲရုံများ၏ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ဧမ္မူသိရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်အတွင်း ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည့်အတွက် အချိန်ပိုင်း ဓာတ်အားပိတ်မည်

နေပြည်တော် နိုဝင်ဘာ ၁၃

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၃၀ ကေဗွီ လှော်ကားပင်မဓာတ်အားခွဲရုံရှိ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသော ပင်မဓာတ်အားဖြန့်ဖြူးရေးလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို နိုင်ဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ လည်းကောင်း၊ ၂၃၀ ကေဗွီ လှိုင်သာယာပင်မဓာတ်အားခွဲရုံ လှိုင်သာယာ-ကနောင် - ဘုရင့်နောင် ဓာတ်အားလိုင်းရှိ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသော ဓာတ်အားလွှတ်ပစ္စည်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို နိုင်ဘာ ၁၅ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ ၂၃၀ ကေဗွီ ကနောင်ပင်မဓာတ်အားခွဲရုံရှိ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပေါ်နေသော ဓာတ်အားဖြတ်ခလုတ် အကြီးစားထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို နိုင်ဘာ ၁၅ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိလည်းကောင်း ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ၊ ထောက်ကြန့်၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ လှိုင်သာယာ(အရှေ့ပိုင်း)၊ ရွှေလင်ပန်း၊ အေးရှာ၊ ဒဂုန်နှင့် ဆိပ်ကြီးခနောင်တို့ မြို့နယ်တို့ရှိ ရုပ်ကွက်အချို့နှင့် ကျေးရွာများ ယာယီ ဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဇရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧမ္မူသိရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းတစ်လျှောက်မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၆) ဓာတ်အားလိုင်းကို နိုင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လည်းကောင်း၊ ၃၃ ကေဗွီ ပျဉ်းမနားဓာတ်အားလိုင်းကို နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနရုံးဝင်းအတွင်းရှိ ငလျင်ကြောင့် တိမ်းစောင်းသွားခဲ့သော လေးတိုင်စင်ကွန်ကရစ် ဓာတ်တိုင်ကို ပြုပြင်ဆောင်ရွက်ရန် နိုင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်အားပိတ် လုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ဧမ္မူသိရိမြို့နယ်အတွင်းရှိ အလျင်လို၊ လက်ပံခါး၊ သက်ကယ်ချင်း၊ တောကထိန်ကျေးရွာများနှင့် ပျဉ်းမနားမြို့ပေါ်ရှိ ရပ်ကွက်များ၊ ကျေးရွာများ၊ ယာယီ ဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း ဓာတ်အားပြတ်ဇရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

■

# ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ် နယ်စပ်ဒေသတွင်အခြေပြု၍ ထိုင်းနိုင်ငံ၏ အစိုးရဝန်ထမ်းများအဖြစ် အယောင်ဆောင်ကာ ထိုင်းနိုင်ငံသားများအား ပစ်မှတ်ထား လိမ်လည်နေသော Online Scam Center များအား ထိရောက်ပြင်းထန်စွာ နှိမ်နင်း





အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ထိုင်းနိုင်ငံသား ၈၃ ဦး ဖမ်းဆီးရမိမှု။



လိမ်လည်သူများအသုံးပြုရန်အတွက် ထိုင်းနိုင်ငံ လျှပ်စစ်မီတာဘေလ်ဝန်ဆောင်မှု ကုမ္ပဏီဝန်ထမ်းများအဖြစ် အယောင်ဆောင်ရန် ကြိုတင်ပြင်ဆင်ထားသည့် ဓာတ်ပုံများ။



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ထိုင်းနိုင်ငံသားများ၏ မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် နိုဝင်ဘာ ၁၃

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံးကို အတိဒုက္ခပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများကို ထိရောက်ပြတ်သားစွာ ဖော်ထုတ်ဖမ်းဆီး အရေးယူဆောင်ရွက်ခြင်းများကို အမျိုသားရေး တာဝန်တစ်ရပ်အနေဖြင့် အထူးအလေးထား ဆောင်ရွက်လျက်ရှိသည်။

အချို့သောနယ်စပ်ဒေသများ၌ ပြည်ပနိုင်ငံသားအချို့သည် EAO လက်နက်ကိုင်အဖွဲ့များအပါအဝင် ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများ၏ ပါဝင်ပတ်သက်မှုများဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ လုပ်ဆောင်လျက်ရှိရာ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ၎င်းတို့ကို ရှာဖွေစိစစ်ဖမ်းဆီးခြင်းနှင့် ပြစ်မှုကျူးလွန်သူ ပြည်ပနိုင်ငံသားများအား နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ရှေးရှု၍ ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို လည်း အစဉ်တစိုက် အလေးထား ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံအတွင်းသို့ တရားဝင်ဖြစ်စေ၊ တရားမဝင် နယ်စပ်ဖြတ်ကျော်၍ ဖြစ်စေ ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ခဲ့သည့် ပြည်ပနိုင်ငံသားများတွင် ထိုင်းနိုင်ငံသားများလည်း ပါဝင်လျက်ရှိရာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှစတင်၍ ယနေ့အထိ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ် နယ်စပ်ဒေသများ အတွင်း တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား အမျိုးသား ၅၂၉ ဦးနှင့် အမျိုးသမီး ၄၁၈ ဦး စုစုပေါင်း ၉၄၇ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများ အနက် အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်သူ ထိုင်းနိုင်ငံသားများသည် အွန်လိုင်းလောင်းကစား လုပ်ငန်းများကို လစာငွေ အများအပြားဖြင့် လုပ်ကိုင်ရမည်ဟု အွန်လိုင်းမှတစ်ဆင့် သွေးဆောင်စည်းရုံးခံရပြီး မက်လုံးပေးလိမ်လည်ခြင်းခံခဲ့ရကြောင်း၊ ၎င်းတို့သည်အသိပညာနည်းပါးသူ၊ နည်းပညာအားနည်းသူနှင့် လောဘစိတ်ရှိသူ ထိုင်းနိုင်ငံသားများကို အဓိကပစ်မှတ်ထားပြီး စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဖြင့် မက်လုံးပေး သွေးဆောင်စည်းရုံးလိမ်လည်ခြင်း၊ ကံစမ်းမဲ၊ ဆုကြေးငွေများဖြင့် မက်လုံးပေး၍ လိမ်လည်ခြင်း၊ လောင်းကစား ဝါသနာပါသူများအား လူမှုကွန်ရက်များမှတစ်ဆင့် အွန်လိုင်းလောင်းကစားနှင့် ဂိမ်းပလက်ဖောင်းများကို ကြော်ငြာခြင်းနှင့် အနိုင်ရရှိနိုင်ခြေ မြင့်မားကြောင်းတို့ဖြင့် မက်လုံးပေးလိမ်လည်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖြင့် မက်လုံးပေး၍ လိမ်လည်ခြင်းတို့ကို လုပ်ဆောင်ကြကြောင်း သိရှိရသည်။

ထိုသို့ ဖမ်းဆီးရမိမှုများအနက် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ရှမ်းပြည်နယ် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် စံပယ်လမ်းရှိ Yuwarat (ယုဝရတ်ဟိုတယ်)၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် All in One ကွန်ပျူတာ ၂၃ လုံး၊ Laptop အလုံး ၄၀၊ ဖုန်းမျိုးစုံ ၁၄၁ လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ ကျူးလွန်လုပ်ကိုင်နေသော ထိုင်းနိုင်ငံသား အမျိုးသား ၄၂ ဦးနှင့် အမျိုးသမီး ၄၁ ဦး စုစုပေါင်း ၈၃ ဦးတို့အား စိစစ်မှုများအရ ၎င်းတို့သည် ထိုင်းနိုင်ငံသားအချင်းချင်းအပေါ် အွန်လိုင်းမှလိမ်လည်မှုများ ဦးတည်လုပ်ဆောင်ကြပြီး အဓိကအားဖြင့် ထိုင်းနိုင်ငံ လျှပ်စစ်မီတာဘေလ်ဝန်ဆောင်မှု ကုမ္ပဏီဝန်ထမ်းများအဖြစ်ဟန်ဆောင်၍ ထိုင်းနိုင်ငံအတွင်းရှိ လျှပ်စစ်မီတာအသုံးပြုသူများအား အဓိကပစ်မှတ်ထားကာ လျှပ်စစ်မီတာ လဲလှယ်ရန်လိုအပ်ကြောင်းနှင့် လျှပ်စစ်မီတာဘောက်စ် အာမခံလုပ်ငန်းအား အကြောင်းပြု၍ လိမ်လည်ကြကြောင်း၊ လိမ်လည်ရာတွင် ပစ်မှတ်ထား ခံရသူများအား ဖုန်းခေါ်ဆို ဆက်သွယ်ခြင်းနှင့် SMS စာတို ပေးပို့ခြင်းများမှတစ်ဆင့် လျှပ်စစ်မီတာဝန်ဆောင်မှုလုပ်ဆောင်ရန် ၎င်းတို့အသုံးပြုသည့် Line Application Account ID သို့ ဆက်သွယ်ရမည်ဖြစ်ကြောင်း ပေးပို့ပြောဆို၍ လိမ်လည်ကြကြောင်း သိရှိရသည်။

ထို့နောက် ၎င်းတို့ပေးပို့ထားသည့် Line Application Account သို့ ဆက်သွယ်လာသော ပစ်မှတ်များအား လျှပ်စစ်မီတာဝန်ဆောင်မှုရယူမည်ဆိုပါက အမည်၊ အိမ်နံပါတ်၊ ကျေးရွာ၊ ခရိုင်ခွဲ၊ မီတာနံပါတ်နှင့် မီတာအခွန်ပေးဆောင်ထားသည့် ငွေပြေစာစသည့် အချက်အလက်များကို တောင်းယူ၍ ပစ်မှတ်၏ ယုံကြည်မှုရှိစေရန် ၎င်းတို့ ကြိုတင်ပြင်ဆင်ထားသည့် ထိုင်းနိုင်ငံလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးအာဏာပိုင်အဖွဲ့ Provincial Electricity Authority (မဟာဓာတ်အားလိုင်း ဦးစီးဌာန)၏ လျှပ်စစ်မီတာနှင့် ပတ်သက်သည့် အကြောင်းကြားစာအတုများကို ပေးပို့၍ လိမ်လည်ကြခြင်းဖြစ်ကြောင်း၊ ထို့အတူ လျှပ်စစ်မီတာဘောက် အာမခံထားသည့် ငွေကြေးများအား ပြန်လည် ထုတ်ယူလိုပါက လျှောက်ထား နိုင်ကြောင်းနှင့် ၎င်းတို့မှ အာမခံငွေကြေးများရရှိအောင် ဝန်ဆောင်မှုပေးနိုင်သည်ဟု ပြောဆိုစည်းရုံးကြကြောင်း၊ အာမခံထားသည့် ငွေကြေးများ ထုတ်ယူလိုကြောင်း ဆက်သွယ်လာပါက Line Application တွင် အတုပြုလုပ်ထားသည့် ထိုင်းနိုင်ငံ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးအာဏာပိုင်အဖွဲ့ Provincial Electricity Authority (မဟာဓာတ်အားလိုင်း ဦးစီးဌာန) Account သို့ ဆက်သွယ်ခိုင်းကြောင်း သိရှိရသည်။

အဆိုပါ Provincial Electricity Authority (မဟာဓာတ်အားလိုင်း ဦးစီးဌာန) Line Account သို့ လျှပ်စစ်မီတာဘောက် အာမခံထားသည့် ငွေကြေးအားထုတ်ယူရန် ဆက်သွယ်လာပါက မီတာပြေစာ၊ မီတာအကောင့်နံပါတ်နှင့် ငွေလက်ခံမည့် ဘဏ်အကောင့်စသည့် အချက်အလက်များကို ဖြည့်သွင်းခိုင်း၍ ပစ်မှတ်၏စကားပြောဆိုပုံနှင့် ပုံပန်းသဏ္ဌာန်တို့ကို အကဲခတ်ကာလိမ်လည်၍ ရရှိနိုင်မည့်ငွေကြေးကို သတ်မှတ်ကြောင်း၊ ထို့နောက် ၎င်းတို့ဖန်တီးပြုလုပ်ထားသည့် ငွေလက်ခံမည့် PEA Application အတု Link နှင့် QR Code ကို ပေးပို့၍ လိမ်လည်ငွေလွှဲခိုင်းခြင်း ဖြစ်ကြောင်း၊ ထို့နောက် အွန်လိုင်းငွေကြေးလိမ်လည်သူများ ပေးပို့သည့် PEA Application အတုကို Install ပြုလုပ်ပြီးနောက် QR Code အား Scan ပြုလုပ်၍ ငွေလွှဲပြီးပါက အကောင့်များကို Block ပြုလုပ်၍ အဆက်အသွယ်ဖြတ်တောက်ကာ လိမ်လည်ကြခြင်း ဖြစ်ကြောင်း၊ အွန်လိုင်း ငွေကြေးလိမ်လည်သူများအနေဖြင့် ထိုင်းနိုင်ငံ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး အာဏာပိုင်အဖွဲ့ Provincial Electricity Authority (မဟာဓာတ်အားလိုင်း ဦးစီးဌာန)မှ မီတာတပ်ဆင်ထားသော ထိုင်းနိုင်ငံသားများ၏စာရင်းနှင့် တစ်ဦးချင်းစီ၏ ကိုယ်ရေး အချက်အလက်များကို နည်းလမ်း အမျိုးမျိုးဖြင့် ကြိုတင်ရယူထားပြီး ၎င်းတို့ရရှိထားသည့် ကိုယ်ရေး အချက်အလက်များ အတွင်းမှ ပစ်မှတ်များအား အသေးစိတ်စိစစ်ရွေးချယ်၍ လိမ်လည်ကြသည်ကို စိစစ်တွေ့ရှိရကြောင်း သိရှိရသည်။

စာမျက်နှာ ၁၅ သို့ ○



လိမ်လည်သူများ အသုံးပြုမည့် လျှပ်စစ်မီတာ ခ ပေးဆောင်ရန် ငွေရပြေစာဓာတ်ပုံ။



လျှပ်စစ်မီတာဘောက်အတွက် ကျသင့်သည့် ငွေကြေးပြေစာအား တွေ့ရှိရမှု။



ထိုင်းနိုင်ငံ လျှပ်စစ်မဟာဓာတ်အားလိုင်းဦးစီးဌာန၏ လျှပ်စစ်မီတာနှင့် ပတ်သက်သည့် အကြောင်းကြားစာအတု ဓာတ်ပုံအား ပေးပို့ထားမှု။



အွန်လိုင်းလိမ်လည်သူများ ဖန်တီးထားသော PEA Smart Plus လျှပ်စစ်မီတာနှင့် လျှပ်စစ်ဝန်ဆောင်မှုဆိုင်ရာ Application အတု၏ အသုံးပြုမှုလမ်းညွှန်အား တွေ့ရှိရမှု။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနနှင့် လုံကျန်းပြည်သူ့လုံခြုံရေးဗျူရိုမှ ဆုကြေးငွေထုတ်ပြန်ထားသည့် တရုတ်နိုင်ငံသား တရားခံ တစ်ဦး အပါအဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသူ ၁၀၆ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ သာကေတမြို့နယ်အတွင်း ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

နိုင်ငံတော် အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကို သာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံ အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီး ကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်မဖြစ်ဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန (Ministry of Public Security– MPS) နှင့် လုံကျန်းပြည်သူ့လုံခြုံရေးဗျူရိုမှ ဆုကြေးငွေထုတ်ပြန်ထားသည့် တရားခံ ၄၃ ဦး အမည်စာရင်း၌ ပါရှိသူ Su Fu Quan (ဆူးဖုချွမ်) ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များက စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၂ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက် နဂရတ်လမ်း အောင်ကောင်းကျော် အိမ်ရာဝင်း အတွင်းရှိ ပြင်ဦးလွင်မြို့နေ ဒေါ်မြတ်ဇင်ဦးနှင့် တရုတ်နိုင်ငံသား Mr. Huo တို့ ပိုင်ဆိုင်သည့် Golden River Residence Condo၊ အခန်းအမှတ် (၁၁၀)၊ (၃၀၁)၊ (၃၀၂)၊ (၃၀၆)၊ (၃၀၇)၊ (၃၁၀)၊ (၅၀၅)၊ (၅၀၉) နှင့် (၅၁၀) တို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား Su Fu Quan (ဆူးဖုချွမ်) အပါအဝင် တရားမဝင် တရုတ်အမျိုးသား ၄၈ ဦး၊ အမျိုးသမီး ၄၁ ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသား ရှစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၁၀၆ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၁၂၁ လုံး၊ Laptop ငါးလုံး၊ Server တစ်လုံး၊ ဖုန်းမျိုးစုံ အလုံး ၁၉၀၊ Wifi ၈၀ံ့ ခုနစ်လုံး၊ Router နှစ်လုံး၊ မြန်မာနိုင်ငံသား PassPort စာအုပ် ငါးအုပ်၊ တရုတ်နိုင်ငံသား PassPort စာအုပ်နှစ်အုပ်၊ KBZ ဘဏ်စာအုပ် လေးအုပ်တို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများအား စိစစ်မေးမြန်းမှုများအရ အွန်လိုင်းငွေကြေးလိမ်လည်မှုများ လုပ်ငန်းလုပ်ကိုင်ရာတွင် ဟန်ကုပ်၊ ပိုင်ရစ်၊ အာထန်၊ တာဟိုက်နှင့် စုကျင်ဟူ၍ အဖွဲ့ ၅ ခု ဖွဲ့စည်းထားကြောင်း၊ အဖွဲ့တိုင်း၌ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့က ဦးဆောင်၍ Kaqpo အကောင့်နှင့် Telegram အကောင့်များဖွင့်လှစ်၍ လုပ်ကိုင်ကြောင်း၊ အဆို ပါ Kaqpo အကောင့်တွင် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံတို့တွင် နေထိုင်သည့် Customer (ပစ်မှတ်)များနှင့် Member Group ဖွဲ့ပေးထားပြီး တရုတ်စာဖြင့်သာ ရေးသားပြောဆိုကာ Kaqpo Application အား Chrome မှတစ်ဆင့် Download ပြုလုပ်၍ အကောင့်ဖွင့်ရကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုကို အခြေခံကာ အခွင့်အလမ်း မက်လုံးပေး လိမ်လည်မှုအနေဖြင့် ပထမ အဆင့်တွင် ပစ်မှတ်ထားခံရသူများ အား အမျိုးသမီးများဖြင့် စည်းရုံးမှုကို စတင်ရာ Customer Service များက အမျိုးသမီးစတစ်ကာပုံများကို ပစ်မှတ်ထားခံရသူ(Customer) များထံသို့ပေးပို့ကာ ၎င်းတို့ ကြိုက်နှစ်သက်မည့် အမျိုးသမီး များ၏ အသက်အရွယ်၊ အပျို/အိမ်ထောင်သည်တို့ကို မေးမြန်း ပြီး Customer များက ရွေးချယ်၍ ပြန်လည်ပေးပို့လာပါက ၎င်းတို့ နေထိုင်သည့် မြို့နယ်နှင့် Location တို့ကို တောင်းယူကြောင်း၊ ထို့နောက် Customer အား အမျိုးသမီးများနှင့် ပျော်ပါးနိုင်ကြောင်း ဓာတ်ပုံများပေးပို့၍ စည်းရုံးခဲ့ကြောင်း၊ ဒုတိယအဆင့် အနေဖြင့် Customer အား Member ဝင်ရောက်ရန် စည်းရုံးပြောဆို၍ ဝင်ရောက်မည်ဆိုပါက Ali Pay နှင့် Wechat Pay QR ကုတ်တို့ကို Customer ထံ ပေးပို့ပြီး တရုတ်ငွေ ၁၀ ယွမ် လွှဲခိုင်းကြောင်း၊ ငွေလွှဲရောက်ရှိပါက VIP အကောင့်ဖွင့်ရန် ကုတ်နံပါတ် ပေးပို့ကြောင်း၊ ဆက်လက်၍ အဖွဲ့ခေါင်းဆောင်၏ Kaqpo အကောင့်သို့ ဆက်သွယ်စေခဲ့ကြောင်း၊ ထို့နောက် အဖွဲ့ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်များက ပျော်ပါးနိုင်သော အမျိုးသမီးနှင့် ဆက်သွယ်ပေးမည်ဟု ပြောဆို၍ Customer ၏ ကိုယ်ရေးအချက်အလက်နှင့် အလုပ်အကိုင်တို့ကို ပေးပို့စေခဲ့ပြီး အဆိုပါအမျိုးသမီးနှင့် Group ဖွဲ့ပြောဆို၍ Member ကြေး တရုတ်ငွေ ၇၂ ယွမ် လွှဲစေခဲ့ကြောင်း၊ ငွေရရှိမှုအတည်ပြုပြီးပါက Customer အတွက် အကျိုးအမြတ်ဟုဆိုကာ ရှစ်ယွမ် ထပ်ဆောင်း၍ တရုတ်ငွေ ၈၀ ယွမ်ကို Customer ထံသို့ပြန်လည် လွှဲပေးကြောင်း၊ တတိယအဆင့် အနေဖြင့် တရုတ်ငွေ ၂၀၁ ယွမ် ပေးသွင်းပါက ၂၂၃ ယွမ်၊ တရုတ်ငွေ ၄၀၁ ယွမ် ပေးသွင်းပါက ၄၂၅ ယွမ်၊ တရုတ်ငွေ ၆၀၁ ယွမ် ပေးသွင်းပါက ၆၆၂ ယွမ်ရရှိမည်ဟု မက်လုံးပေးစည်းရုံးပြောဆို၍ Customer က လွှဲပေးသည့်ယွမ်ငွေအပါအဝင် အကျိုးအမြတ်ရရှိငွေများကို တစ်ပေါင်းတည်း ပြန်လည် လွှဲပေးခဲ့ကြောင်း၊ ထို့နောက် ယုံကြည်အောင် ဆက်လက် စည်းရုံးပြောဆို၍ စတုတ္ထအဆင့်အနေဖြင့် Customer က လောဘတက်ကာ ငွေကြေးအမြောက်အမြား ထည့်ဝင်လာသည့်အခါတွင် ငွေများပြန်မပေးတော့ဘဲ လိမ်လည်ရယူကြောင်း၊ Customer များထံမှ တစ်ဦးလျှင် အများဆုံး တရုတ်ငွေ ၄၈၀၀၀ ယွမ်အထိ လိမ်လည်ရယူနိုင်ခဲ့ကြောင်း သိရှိရသည်။

အွန်လိုင်းမှ ဈေးရောင်းဈေးဝယ် လိမ်လည်မှုလုပ်ငန်းစဉ်အနေဖြင့် Telegram Group သုံးခုကိုဖွဲ့စည်းထားရှိပြီး Group တစ်ခုတွင် Member ခုနစ်ဦးဖြင့် ဖွဲ့စည်းထားရှိကြောင်း၊ ၎င်းတို့သည် ဘရာဇီးနိုင်ငံနှင့် ကိုလံဘီယာနိုင်ငံရှိ ဝယ်ယူသူများအား အဓိက ထားရှာ ဈေးဝယ် Website အတု များဖြစ်သည့် www.amazonexotic.com နှင့် www.falabella.com တို့ကို အသုံးပြုကာ လိမ်လည်ကြကြောင်း၊ လိမ်လည်မှု ပြုလုပ်ရာတွင် www.amazonexotic.com နှင့် www.falabella.com ၌ ရောင်းချရန် Post တင်ထားသည့် ကုန်ပစ္စည်းများအား Like ပြုလုပ်ရုံဖြင့် ဘရာဇီးနိုင်ငံနှင့် ကိုလံဘီယာနိုင်ငံငွေ ၁၀၀၀၀ အား ကနဦးပေးခြင်း၊ ထိုသို့ ငွေပေးရန်အတွက် Telegram အကောင့်အသုံးပြုသူ ထံမှ ဘဏ်အကောင့်တောင်းခံခြင်း၊ ဘဏ်အကောင့်ရရှိပါက အဆိုပါ ဘဏ်အကောင့်သို့ ကနဦးငွေ ၁၀၀၀၀ ထည့်သွင်းပေးခြင်း၊ ထို့နောက် နောက်အဆင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုကြောင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ပြဿနာရပ်များသည် နိုင်ငံတစ်နိုင်ငံတည်း၏ ပြည်တွင်းမှုဝန်းပြဿနာအဖြစ် သာမက နိုင်ငံတကာ၏ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးကဏ္ဍများကိုပါ ခြိမ်းခြောက်လာသည့် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်ဖြေရှင်းရန် လိုအပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် လူသားမျိုးနွယ်တစ်ရပ်လုံး၏ လူမှုစီးပွားဘဝများကို ပျက်စီးစေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများကို ထိရောက်ပြင်းထန်စွာ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေမှုများအား သိရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့်လည်း ပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် စုံစမ်းရှာဖွေဖော်ထုတ်ခြင်းများကို အရှိန်အဟုန်မြှင့်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ၁၀၀

သတင်းစဉ်




ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။



ရန်ကုန် တိုင်းဒေသကြီး သာကေတ မြို့နယ်အတွင်း အွန်လိုင်း လိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူ တရုတ်နိုင်ငံသား တရားခံပြေး Su Fu Quan အား ဖမ်းဆီးရမိမှု။

## ❍ စာမျက်နှာ ၁၄ မှ

နိုင်ငံတော်၏ အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာမှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီ စီစစ်နိုင်ရန်၊ အမြန်ဆုံးတရားစွဲဆို အရေးယူ ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်နိုင်ရန်အတွက် ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသဘက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်ရေးနှင့် လုံခြုံရေးကဏ္ဍများကိုပါ ခြိမ်းခြောက်လာသည့် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်ဖြေရှင်းရန် လိုအပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် လူသားမျိုးနွယ်တစ်ရပ်လုံး၏ လူမှုစီးပွားဘဝများကို ပျက်စီးစေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများကို ထိရောက်ပြင်းထန်စွာ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေမှုများအား သိရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့်လည်း ပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် စုံစမ်းရှာဖွေဖော်ထုတ်ခြင်းများကို အရှိန်အဟုန်မြှင့်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ၁၀၀

သတင်းစဉ်



## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၈ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၉)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ လှူဒါန်းကြရာ ဒေါ်ပုံမြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၄၅၀၀၀၀၊ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)-စာရေးဆရာမ(မလေးယဉ်) မိသားစု၊ ကုန်းပတ်ဒုတိယအရာရှိ ဦးမောင်မောင်သာနှင့် လေအန်ကုန်းစာပေရပ်ဝန်းတို့က ငွေကျပ် နှစ်သိန်းစီ၊ မဲခေါင်စာပေဆုရ ဦးဖေသန်း(နေမင်းသန်း)က ငွေကျပ် ၁၈၀၀၀၀၊ စာရေးဆရာ ကပ္ပတိန်သာစိန် မိသားစု၊ ဒေါ်မြမြသန်း(မနှင်းဖွေး)၊ ဦးမြတ်စိုး(မြတ်စိုး-လှိုင်)၊ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၊ ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)၊ ဦးဝင်းနိုင်(မင်းဆက်ပိုင်)၊ ဦးဖေသက်ညွန့်(ဆွေဇင်ညွန့်)၊ ဦးတင်စိုး(မင်းတလွန်း)၊ ဒေါက်တာခင်မောင်လွင်(FAME)မိသားစု၊ စာရေးဆရာ ဗလမင်းထင်၊ ဦးစိန်လင်း(မောင်မောင်စိန်လင်း-နတ်မောက်)၊ မြန်မာနိုင်ငံစာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့၊ စမ်းချောင်းမြို့နယ်စာရေးဆရာအသင်းနှင့် မင်းဘူး/စကုမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် တစ်သိန်းစီ၊ စာရေးဆရာ ရာမညမင်းသက်နိုင်၊ လှိုင်မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ကြယ်နီလေး(ဥပဒေ)နှင့် မုံရွာမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသောင်းစီ၊ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)-စာရေးဆရာမ(မလေးယဉ်) မိသားစုက ငွေကျပ် ၃၆၆၀၀၀၀ တန်ဖိုးရှိစာအုပ်များ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅) (၇)လွှာ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ကြေးမုံ

## သဘာဝမြေသြဇာအသုံးပြုမှု တိုးမြှင့်ရေး၊ သီးနှံအထွက်နှုန်းနှင့် အရည်အသွေး မြှင့်တင်ရေးတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်ကြရမည်



မော်လမြိုင် နိုဝင်ဘာ ၁၃

စိုက်ပျိုးရေးကဏ္ဍာ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သဘာဝမြေသြဇာ အသုံးပြုမှု တိုးမြှင့်ရေး၊ သီးနှံအထွက်နှုန်းနှင့် အရည်အသွေး မြှင့်တင်ရေးတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချနိုင်ရေးနှင့် ဝင်ငွေတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍာမှတစ်ဆင့် ဒေသ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးကြရန်လိုကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

### ကြည့်ရှု

ယနေ့နံနက်ပိုင်းက ကျင်းပသည့် မော်လမြိုင်မြို့နယ် ကော့လှာကျေးရွာအုပ်စု ကွင်းအမှတ်(၃၆၂) တောင်သူ ဦးတင်လှ၏ လယ်မြေ၌ RS-CS မျိုးစေ့ထုတ် စိုက်ခင်းတွင် သဘာဝမြေသြဇာ ကြပက်ခြင်း ကွင်းသရုပ်ပြပွဲ၌ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများကို မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ အဆိုပါကွင်းအတွင်း မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်းများအား သဘာဝမြေသြဇာ ကြပက်ခြင်း ကွင်းသရုပ်ပြပွဲ ဆောင်ရွက်နေမှုများနှင့် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် ဒေသတွင်း စိုက်ပျိုးရေအဆင်ပြေစွာ ရရှိစေရေးအတွက် မော်လမြိုင်မြို့နယ် ကော့နှပ်ကျေးရွာအုပ်စုရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် အလျား ပေ ၇၈၀၀ နတ်စင်ချောင်း တူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ကတိုးကျေးရွာအုပ်စုရှိ အလျားပေ ၇၃၀၀ ကတိုး(၁) တူးမြောင်းတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ကျိုက်မရောမြို့နယ် ခရုံဂူကျေးရွာရှိ တောင်သူ ဦးသက်ပိုင်စိုး၏ မွေးမြူရေးခြံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါ မွေးမြူရေးခြံတွင် ဥစားကြက်ကောင်ရေ ၄၂၀၀၀၊ ဥစားဘဲကောင်ရေ၄၀၀၀၊ အသားစားကြက်ကောင်ရေ၂၉၀၀၀ ဖြင့် ဆောင်ရွက်လျက်ရှိပြီး တစ်နှစ်စာ ထုတ်လုပ်မှုအနေဖြင့် ကြက်ဥ အလုံးရေ ၁၃၀၃၀၅၀၀၊ ကြက်သား ပိသာ ၂၁၇၅၀၀ ထုတ်လုပ်နိုင်ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် နိုဝင်ဘာ ၁၂ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ မြို့မဈေးများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စက်ရုံ၊ အလုပ်ရုံများနှင့် လူနေအိမ်များသို့သွားရောက်၍ မီးဘေးလုံခြုံရေး လိုက်နာဆောင်ရွက်ထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးစဉ်။

ဝဏ္ဏထွန်း(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၁၁-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | တားခဲ | မော်လမြိုင် | လားရှိး | တောင်ကြီး | လျှိုင်ကော် | ဟားမိုး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၂၇၀ | ၄၄၂၅ | ၄၃၇၅ | ၄၂၈၅ | ၄၄၃၀ | ၄၄၄၅ | ၄၄၈၀ | ၄၃၅၅ | ၄၇၂၅ | ၄၇၅၅ | ၄၃၇၅ | ၄၅၁၅ | ၄၄၇၀ | ၄၄၂၅ | ၄၄၃၅ | ၄၆၆၅ |
| 95 Ron | ၄၃၁၅ | ၄၄၇၀ | ၄၄၂၀ | ၄၃၃၀ | ၄၄၇၀ | ၄၄၈၅ | ၄၅၂၀ | ၄၄၀၀ | ၄၇၆၅ | ၄၇၉၅ | ၄၄၂၀ | ၄၅၄၅ | ၄၅၁၀ | ၄၄၇၀ | ၄၄၈၀ | ၄၇၁၀ |
| HSD (500 ppm) | ၄၃၈၀ | ၄၅၃၀ | ၄၄၈၅ | ၄၃၉၅ | ၄၅၃၅ | ၄၅၄၅ | ၄၅၈၀ | ၄၄၆၅ | - | ၄၈၄၅ | ၄၄၈၅ | ၅၀၆၅ | ၄၅၇၀ | ၄၅၃၀ | ၄၅၄၀ | ၄၇၆၀ |
| HSD (50 ppm) | ၅၃၁၅ | ၅၄၇၀ | ၅၄၂၀ | ၅၃၃၀ | ၅၄၇၅ | ၅၄၉၀ | ၅၅၂၀ | ၅၄၀၀ | ၅၇၇၀ | ၅၈၀၀ | ၅၄၂၀ | ၅၅၉၅ | ၅၅၁၀ | ၅၄၇၀ | ၅၄၈၀ | ၅၇၁၀ |
| HSD (10 ppm) | ၅၃၁၅ | ၅၄၇၀ | ၅၄၂၀ | ၅၃၃၀ | ၅၄၇၅ | ၅၄၉၀ | ၅၅၂၀ | ၅၄၀၀ | | ၅၈၀၀ | ၅၄၂၀ | ၅၅၉၅ | ၅၅၁၀ | ၅၄၇၀ | ၅၄၈၀ | ၅၇၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၀၅၆ | ၄၁၇၀ |
| 95 Ron | ၄၀၉၆ | ၄၂၁၂ |
| HSD (500 ppm) | ၄၁၇၆ | ၄၂၉၀ |
| HSD (50 ppm) | ၅၀၆၆ | ၅၁၉၇ |
| HSD (10 ppm) | ၅၀၆၆ | ၅၁၉၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## အခွန်ဥပဒေများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သီရိမြန်မာခန်းမ၌ ကျင်းပသည်။

ဦးစွာ တောင်ဥက္ကလာပမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးက တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဝန်ထမ်းများက အခွန်ဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် တက်ရောက်လာသော အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။




# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၃**

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၁၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ၊ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့်အဆောက်အအုံဟူ၍ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၇ လုံး၊ စုစုပေါင်းအဆောက်အအုံ ၁၁ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့်တရားမဝင် အဆောက်အအုံ ၅၂ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေပြုနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

# လယ်ဝေးမြို့နယ်၌ ငွေကျပ် ၆၉၆ ဒသမ ၈ သိန်းတန်ဖိုး၊ ကမာရွတ်မြို့နယ်နှင့် စမ်းချောင်းမြို့နယ်တို့၌ ငွေကျပ် ၃၄၀၂ ဒသမ ၆ သိန်းတန်ဖိုးနှင့် ပျော်ဘွယ်မြို့နယ်၌ ငွေကျပ် ၁၈၈ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

လယ်ဝေးမြို့နယ်၌ ငွေကျပ် ၆၉၆ ဒသမ ၈ သိန်းတန်ဖိုး၊ ကမာရွတ်မြို့နယ်နှင့် စမ်းချောင်းမြို့နယ်တို့၌ ငွေကျပ် ၃၄၀၂ ဒသမ ၆ သိန်းတန်ဖိုးနှင့် ပျော်ဘွယ်မြို့နယ်၌ ငွေကျပ် ၁၈၈ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိပြီး ဖမ်းဆီးရစဉ်သူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၉ ရက်ည ၆ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လယ်ဝေးမြို့နယ် ကြာကန်ကျေးရွာအနီးတွင် ဖယ်ခုံမြို့နယ် ဝိကင်းရွာနေ ဇော်ပိုင် (ခ) ကိုပိုင် (၂၁) နှစ် မောင်းနှင်ပြီး ချမ်းအေးသာစံမြို့နယ်နေ သူရဇော်(ခ) နစ်ကြီး (၃၂) နှစ် လိုက်ပါလာသော HILUX SURF အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်တွင် သို့ဝှက်သယ်ဆောင်လာသည့် ဘိန်းစိမ်း ၈၇ ဒသမ ၁ ကီလို



တရားခံ ဇော်ပိုင်(ခ)ကိုပိုင်နှင့် သူရဇော်(ခ)နစ်ကြီးတို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

(တစ်ကီလိုလျှင်ငွေကျပ် ၈ သိန်းနှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၆၉၆ ဒသမ ၈ သိန်း) သိမ်းဆည်းရမိသဖြင့် ဇော်ပိုင်(ခ)ကိုပိုင်နှင့် သူရဇော်(ခ)နစ်ကြီးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကမာရွတ်မြို့နယ် (၇)ရပ်ကွက် ဟံသာဝတီလမ်းတွင် လမ်းလျှောက်လာသူ စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း (တောင်) ရပ်ကွက်နေ အောင်မြင့်(ခ)ကျားရီ (၃၃)နှစ်အား စစ်ဆေးရာဖွေရာ ၎င်းထံမှ စိတ်ပြောင်းဆေးဝါး HAPPY WATER ၁၅၀ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၉၀) သိမ်းဆည်းရမိပြီး စစ်ဆေး ပေါ်ပေါက်ချက်အရ ယင်းနေ့ မွန်းလွဲ ၃ နာရီခွဲအချိန် ၎င်းနေထိုင်သည့် စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း (တောင်)ရပ်ကွက်ရှိ နေအိမ်မှ စိတ်ပြောင်းဆေးဝါးများ ဖြစ်သည့် HAPPY WATER ၃ ဒသမ ၆၇၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၆၀၀ နှုန်းဖြင့် ဒေသတန်ဖိုး ငွေကျပ်သိန်း ၂၂၀၂ ဒသမ ၆ သိန်း) နှင့် ကက်တမင်း ၁ ဒသမ ၈၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၆၀၀ နှုန်းဖြင့် ဒေသတန်ဖိုး ငွေကျပ်သိန်း ၁၁၁၀) ကို ထပ်မံသိမ်းဆည်းရမိသဖြင့် အောင်မြင့်(ခ)ကျားရီအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၁၁ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ပျော်ဘွယ်မြို့နယ် ရွာညောင်ပူးကျေးရွာအုပ်စု ကျောက်ချပ်ရွာနေ ကျော်လွင် (၆၄)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၉၄၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၁၈၈ သိန်း) သိမ်းဆည်းရမိသဖြင့် ကျော်လွင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



# တပ်ကုန်းမြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုး ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

**တပ်ကုန်း နိုဝင်ဘာ ၁၃**

